မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၂ ရက်၊ ၂၀၀၉ ခုနှစ်၊ ဧပြီ ၂၁ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၈)၊ အမှတ်(၁၉၈)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်

တန်ခိုးကြီးဘုရားများ ဖူးမြော်ကြည်ညို

နေပြည်တော် ဧပြီ ၂၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဧပြီ၁၈ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအနီးရှိ သမိုင်းဝင် ရွှေစာရံစေတီတော်မြတ်ကြီးသို့ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ရွှေစာရံစေတီတော်မြတ်ကြီး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် *စာမျက်နှာ ၈ ကော်လံ ၁* ✻

ဖူးမြော်ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် သမိုင်းဝင် ရွှေစာရံ စေတီတော်မြတ်ကြီး၏ အနောက်ဘက်မုခ်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော မဟာမုနိ ဗုဒ္ဓဆင်းတုတော်ကြီးအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးတိုင်တို့ဖြင့် ဆက်ကပ်၍ ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဧပြီ ၂၁ ရက်)

ထူးချွန်ထက်မြက်သော လူငယ်များဖြစ်ရန် လေ့ကျင့်ပျိုးထောင် နိုင်ငံ့အကျိုးပြု လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ဖြည့်ဆည်း

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်းလုံးရှိ လူငယ်လူရွယ်များ၏ ပညာသင်ကြားရေး အခွင့်အလမ်းများ လွယ်လင့်တကူရရှိစေရန် ရည်ရွယ်၍ ဖွံ့ဖြိုးရေးဒေသ ၂၄ခုသတ်မှတ်ပြီး ဒေသတစ်ခုစီ၌ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်များ ဖွင့်လှစ်ထူထောင်ပေးထားသည်။

ယင်းသို့ထူထောင်ပေးခဲ့ရာတွင် မွန်ပြည်နယ်လည်းအပါအဝင်ဖြစ်ရာ မွန်ပြည်နယ်၌ မော်လမြိုင်တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်များ ဖွင့်လှစ်ပေးထားပြီးဖြစ်သည်။

မော်လမြိုင်တက္ကသိုလ်မှ ကျောင်းသားကျောင်းသူများသည် ဘွဲ့ယူစာတမ်းပြုစုခြင်း၊ အာဆီယံနိုင်ငံများ၏ ကမ်းရိုးတန်းထိန်းသိမ်းရေး အစီအစဉ်တွင် မော်လမြိုင်တက္ကသိုလ်မှ အဏ္ဏဝါသိပ္ပံဌာနက ပါဝင်ဆောင်ရွက်နိုင်ခဲ့ခြင်း၊ အဏ္ဏဝါသိပ္ပံသုတေသန ရေယာဉ်ဆိုင်ရာ လက်တွေ့သင်ကြားရေးနှင့် သုတေသနပြုလုပ်ငန်းများကို ဖော်ဆောင်နိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် သင့်တင့်သော လူဦးရေ၊ သင့်တင့်သော သယံဇာတနှင့် သင့်တင့်သော အရင်းအနှီးရှိသည့် နိုင်ငံဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများရှိပြီးဖြစ်သည့် ဖွံ့ဖြိုးတိုးတက်မှုကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်လျက်ရှိပေရာ ယင်းလူ့စွမ်းအားလိုအပ်ချက်များကို ပညာရေးကဏ္ဍမှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

နိုင်ငံတော်၏ ယင်းလိုအပ်ချက်များကို ယနေ့ကျောင်းသားလူငယ်များသည် အရည်အချင်းပြည့်ဝပြီး ထူးချွန်ထက်မြက်သူများဖြစ်ရန် နိုင်ငံတော်၏လုပ်ငန်းခွင်နှင့် အံဝင်ခွင်ကျ တတ်မြောက်ကျွမ်းကျင်သူများဖြစ်ရန် နိုင်ငံအကျိုးပြု အသိပညာရှင်များ၊ အတတ်ပညာရှင်များဖြစ်ရန် ကြိုးပမ်းလေ့ကျင့် သင်ယူကြရမည်ဖြစ်သည်။

ယနေ့ကမ္ဘာတွင် အိုင်တီပညာရပ်များ အချိန်နှင့်အမျှ ထွန်းကားတိုးတက်လျက်ရှိပြီး အိုင်တီပညာဖြင့်အကျွမ်းဝင်သည့် နိုင်ငံများသည် ကြီးပွားတိုးတက်မှုရှိနေသည်ကို တွေ့ရှိရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ မြန်မာနိုင်ငံတွင် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနိုင်ရေးအတွက် လုပ်ငန်းနယ်ပယ်တွင်ဝင်ဆံ့ပြီး တတ်ကျွမ်းသူပညာရှင်များဖြစ်ရန် ကြိုးပမ်းကြရမည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယုံကြည်ချက်၊ ခံယူချက်မှန်ကန်စွာဖြင့် နိုင်ငံတော်အပေါ် သစ္စာရှိရှိ အကျိုးပြုသူများအဖြစ် ကျောင်းသားလူငယ်များက ကြိုးပမ်းစွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရောဝတီတိုင်း လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဧပြီ ၂၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းသည် ဧပြီ ၁၇ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း ဖျာပုံခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှ လမ်း၊ တံတားများ တည်ဆောက်မှု ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

သတ်မှတ်ချိန်ပြီးစီးရေး

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းအား အင်ဂျင်နီယာချုပ်များ၊ အင်ဂျင်နီယာမှူးကြီးများနှင့် စီမံကိန်းအင်ဂျင်နီယာများက မိမိတို့လုပ်ငန်းများအလိုက် ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို တင်ပြကြပြီး ဒုတိယဝန်ကြီးက လုပ်ငန်းများ သတ်မှတ်ချိန်အမီ ပြီးစီးရေးအတွက် ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီ ရုပ်မြင်သံကြား

၂၁-၄-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မြတ်ဗုဒ္ဓဒေသနာ ဝိပဿနာတရားတော်
- ၄:၅၀ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၀၀ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၅:၁၀ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၃၀ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၃၅ ၁၄။ ကလေးတို့ကမ္ဘာပျော်ရွှင်စရာ
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့ နှလုံးသား** (အပိုင်း-၄၂)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မွေးမြူသုတ
- ၂၀။ ဗွီစီဒီကျော်ကြားတေးများ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၄၅)

ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး တက်ရောက်

နေပြည်တော် ဧပြီ ၂၀

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးသည် ဧပြီ ၈ရက် နံနက်ပိုင်းက တာဝန်ရှိသူများလိုက်ပါလျက် ကျိုင်းတုံ-မိုင်းဖြတ်-တာချီလိတ် ကားလမ်းနှင့် ကားလမ်းဘေးဝဲယာတစ်လျှောက် နွေစပါးစိုက်ပျိုးထားရှိမှုများနှင့် နှစ်ရှည်ပင် ရော်ဘာစိုက်ခင်းများ၏ ရှင်သန်အောင်မြင် ဖြစ်ထွန်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် မိုင်းတွမ်(တောင်ပေါ်) ပူနားကိုကျေးရွာ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲသို့ တက်ရောက်၍ ရေအားလျှပ်စစ်စက်ရုံကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးက ရေအားလျှပ်စစ်စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ တက်ရောက်လာကြသည့် ဒေသခံများနှင့်အတူ အမှတ်တရမှတ်တမ်းဓာတ်ပုံများရိုက်ကူး၍ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ထားရှိမှုနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် တိုင်းမှူးက ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များမှာကြားကာ ကျေးရွာအတွက် ဆေးဝါးပစ္စည်းများနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီးနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ကျေးရွာ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ကျောက်ချောလမ်းခင်းဆောင်ရွက်

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့်အဖွဲ့ဝန်ထမ်းများ ပါဆံကျေးရွာသွားလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၄-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅:၁၅ MRTV-4 နံနက်ခင်းသတင်း
- ၆:၀၀ **တရားစခန်း အဖော်ကောင်း** တရားတော် (ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ)
- ၆:၅၀ ကံကူထွန်းခေါင် ပိတ်ချင်းမြောင်
- ၇:၀၀ ရတနာသိုက်ရှာပုံတော် (အပိုင်း-၁၁)
- ၇:၃၀ TOM & JERRY
- ၈:၀၀ MRTV-4 နံနက်ခင်းသတင်း
- ၈:၄၅ SundayTalk
- ၉:၁၅ ဂီတသံစဉ်အလှဆင် (တင်တင်မြ)
- ၉:၄၀ ဓာတ်ပုံထဲမှအမှတ်တရများ (မိုးယုစံ)
- ၁၀:၁၅ **စက်မှုဖွံ့ဖြိုးတို့ တိုင်းပြည်အကျိုး** ဖြိုးငွေစိုး၊ သဇင် [ဒါရိုက်တာ တင်အောင်ရွှေ(သုတေသီ)]
- ၁၀:၃၀ Celebrity Profile (Britney Spear)
- ၁၁:၀၀ စင်မြင့်ပေါ်က တတိယအကြိမ်မြောက် ဆုနှင်းသဘင်
- ၁၁:၁၀ စားချင်စဖွယ် နည်းအသွယ်သွယ် (ရသာထူးခြား အီတလီအစားအစာများ)
- ၁၁:၃၀ Activities in the City (မဟာစည်မွေ့ဗိမာန်တော်ကြီး ရေစက်ချအလှူ)
- ၁၁:၅၀ Music Gallery (တေးသံရှင်ရဲ့ တေးလက်ဆောင် - ဟဲလေး)
- ၁၂:၂၀ ရသာထူးကဲ ဆယ့်နှစ်ရာသီပိန္နဲ
- ၁၂:၄၀ ရေအောက်ကမ္ဘာမှ ဆန်းပြားမှုများ (အပိုင်း-၂)
- ၁:၀၀ **တရားစခန်း အဖော်ကောင်း** တရားတော် (ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ)
- ၁:၅၀ ကံကူထွန်းခေါင် ပိတ်ချင်းမြောင်
- ၂:၀၀ Fashion Music Festival (Country Fashion)
- ၂:၃၅ မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်း
- ၂:၅၀ Internet Directory (Joy Zone Internet Cafe)
- ၃:၁၅ ရတနာစစ်တို့ရဲ့ ဘူမိနက်သန်
- ၃:၄၀ ဝတ်စားဆင်ယင် ပါတိတ်ဒီဇိုင်းထွင်
- ၄:၀၀ အကြော်ခံဆီအန္တရာယ် (ဒေါက်တာခင်မောင်လွင်)
- ၄:၃၀ Cartoon Show Time (Monster House)
- ၅:၀၅ ကျက်သရေတင့်တယ်လှစေမယ် (အပိုင်း-၁)
- ၅:၃၅ ဓာတ်ပုံထဲမှအမှတ်တရများ (မိုးယုစံ)
- ၅:၄၀ Activities in the City (မဟာစည်မွေ့ဗိမာန်တော်ကြီး ရေစက်ချအလှူ)
- ၆:၀၀ MRTV-4 ညနေခင်းသတင်း
- ၆:၁၅ Internet Directory (Joy Zone Internet Cafe)
- ၆:၃၀ Fashion Music Festival (Country Fashion)
- ၇:၁၅ စားချင်စဖွယ်နည်းအသွယ်သွယ် (ရသာထူးခြား အီတလီအစားအစာများ)
- ၇:၃၀ Sunday Talk
- ၈:၀၀ MRTV-4 သတင်း
- ၈:၁၅ Music Gallery (တေးသံရှင်ရဲ့ တေးလက်ဆောင် - ဟဲလေး)
- ၈:၄၀ The Homeland Commonly Owned
- ၉:၃၀ ရတနာသိုက်ရှာပုံတော် (အပိုင်း-၁၁)
- ၁၀:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁၁:၄၅ Ecotourism ဆွဲဆောင်ဖို့ သဘာဝကို ထိန်းသိမ်းစို့ ဖိုးကျားဆင်စခန်း (အပိုင်း-၂)
- ၁၁:၅၀ ရေအောက်ကမ္ဘာမှ ဆန်းပြားမှုများ (အပိုင်း-၂)
- ၁၂:၁၅ ရတနာစစ်တို့ရဲ့ ဘူမိနက်သန်
- ၁၂:၃၅ ဝတ်စားဆင်ယင် ပါတိတ်ဒီဇိုင်းထွင်
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ပွဲစဉ်(၃၃)ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၂၄	Liverpool-Arsenal	ESPN (Live)

မြန်မာနိုင်ငံ၏အရေးသည် ပြည်တွင်းရေးသာဖြစ်၍ အစိုးရနှင့် ပြည်သူတို့ကသာ ဖြေရှင်းနိုင်

မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေမှန်ကို နိုင်ငံတကာမျက်နှာစာတွင် နားလည်မှုရှိစွာဖြင့် ဆက်လက်ထောက်ခံသွားမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံမှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်များကို ကျေးဇူးတင်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

နေပြည်တော် ဧပြီ ၂၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် စန်းရမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်အား ဧပြီ၁၇ရက် ညနေ ၃နာရီ မိနစ်၅၀တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စန်းရမြို့ရှိ Sheraton Hotel ၏ Seven Seas Ballroom ခန်းမသို့ သွားရောက်၍ တွေ့ဆုံဆွေးနွေးသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာရန်ကျဲချီ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာချန်ဒဲမင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဝူတာ့ဝေ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးရာဦးစီးဌာန (အာရှဌာန) ညွှန်ကြားရေးမှူးချုပ် မစ္စစ်ယန်းယန်ယိနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က Seven Seas Ballroom ခန်းမမှ ကြိုဆိုနှုတ်ဆက်ပြီးနောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပကြသည်။

အကျိုးတူပူးပေါင်းမှု

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ပြောကြားရာ၌ ယခုနှစ်ကျင်းပသည့် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကြွရောက်လာခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ကမ္ဘာ့စီးပွားရေးနှင့် ငွေကြေးအကျပ်အတည်းကြုံသည့်အချိန်တွင် ယခု အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲကို အောင်မြင်စွာ ကျင်းပနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုဆွေးနွေးပွဲတွင် အပြန်အလှန် အမြင်ချင်းဖလှယ်ဆွေးနွေးကြခြင်းဖြင့် နှစ်ဦးနှစ်ဖက် အပြန်အလှန်ပူးပေါင်းမှု၊ ယုံကြည်မှုတို့မှတစ်ဆင့် အကျိုးတူပူးပေါင်းမှုများကို ပိုမိုနက်ရှိုင်းကာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်စေမည်ဟု ယုံကြည်ပါကြောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ပွင့်လင်းစွာ ဆွေးနွေးပေးရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ကျေးဇူးတင်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ပြောကြားရာတွင် ယခုနှစ်ကျင်းပမည့် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲတွင် မျက်မှောက် တွေ့ကြုံနေရသည့် ကမ္ဘာ့စီးပွားရေးနှင့် ဘဏ္ဍာရေးအကျပ်အတည်းကြောင့် အာရှဒေသအပေါ် မည်ကဲ့သို့ သက်ရောက်နိုင်မှုနှင့် အာရှဒေသအနေဖြင့် မည်ကဲ့သို့ တုံ့ပြန်ကြမည်ဆိုသည်များကို ဆွေးနွေး အမြင်ချင်းဖလှယ်ကြမှာဖြစ်သည့်အတွက် လွန်စွာအကျိုးရှိမည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံမှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်များကို ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ အကျိုးဖြစ်ထွန်းမှုများ၊ ရေနံသဘာဝဓာတ်ငွေ့နှင့် စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းရေးကဏ္ဍ၊ ရထားပို့ဆောင်ရေးကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးကဏ္ဍများကို ဆွေးနွေးသည်။

ဆက်လက်ထောက်ခံသွားမည်

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်၍ လယ်ယာကဏ္ဍတွင် တရုတ်နိုင်ငံမှ နည်းပညာအတွေ့အကြုံရှိသည့်အတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ပါက အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ **တရုတ်နိုင်ငံမှာ မြန်မာနိုင်ငံ၏ အိမ်နီးချင်းကောင်းဖြစ်၍ မြန်မာနိုင်ငံတွင် နိုင်ငံရေးတည်ငြိမ်မှုရှိပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်ကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိစေရေးတို့အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်များကို တရုတ်နိုင်ငံမှ ထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံ၏အရေးသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးသာဖြစ်သဖြင့် အစိုးရနှင့် ပြည်သူတို့ကသာ ဖြေရှင်းဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှု အခြေအနေမှန်ကို အိမ်နီးချင်းတရုတ်နိုင်ငံ အနေဖြင့် သိရှိပြီးဖြစ်၍ နိုင်ငံတကာမျက်နှာစာတွင် နားလည်မှုရှိစွာဖြင့် ဆက်လက်ထောက်ခံသွားမည်ဖြစ်ကြောင်း** ပြန်လည်ပြောကြားပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ညစာစားပွဲတက်ရောက်

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအား ဂုဏ်ပြုတည်ခင်းသော ညစာစားပွဲသို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ စန်းရမြို့ရှိ Sheraton Hotel ၏ Seven Seas Ballroom ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စန်းရမြို့ရှိ Sheraton Hotel ၏ Seven Seas Ballroom ခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ် စန်းရမြို့ရှိ နန်းဆန်ဗုဒ္ဓယဉ်ကျေးမှုဥယျာဉ် လှည့်လည်ကြည့်ရှု

နေပြည်တော် ဧပြီ ၂၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် စန်းရမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၇ရက် နံနက် ၇နာရီတွင် စန်းရမြို့ရှိ နန်းဆန်ဗုဒ္ဓယဉ်ကျေးမှုဥယျာဉ်သို့ ရောက်ရှိကြရာ ဥယျာဉ်မန်နေဂျာ Mr. Tang နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နန်းဆန်ဗုဒ္ဓယဉ်ကျေးမှု ဥယျာဉ်အတွင်း ယဉ်ကျေးမှုကျောက်စာတိုင်များ ပြင်ဆင်ထားမှု၊ သစ်ပင်ပန်းမန်များကို စနစ်တကျ လှပစွာအကွက်ကျစိုက်ပျိုးထားမှု၊ စိမ်းလန်းစိုပြည် သာယာလှပရေးစီမံဆောင်ရွက်ထားမှု၊ ပြည်သူများ လာရောက်အပန်းဖြေရန် စီစဉ်ပေးထားမှုတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဒက္ခိဏတောင်အနီးရှိ ပင်လယ်ကမ်းစပ်တွင် ၁၀၈ မီတာအမြင့်ရှိသော ကွမ်ရင်မယ်တော် ရုပ်တုပုံတော်တည်ထားမှုနှင့် ပြည်သူများစိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်နိုင်ရန် စီစဉ်ထားမှုများကို တာဝန်ရှိသူများက လိုက်ပါရှင်းလင်းပြသကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အမွေးတိုင်များထွန်းညှိ၍ ဆုတောင်းမေတ္တာပို့သပြီး တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ခေတ္တတည်းခိုသည့် Ritz Carlton Hotel သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ကျွန်း ဘိုအောင်းမြို့၌ကျင်းပမည့် ၂၀၀၉ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲတက်ရောက်ရန် ဟိုင်နန်ပြည်နယ် စန်းရမြို့သို့ရောက်ရှိ

နေပြည်တော် ဧပြီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ကျွန်း ဘိုအောင်းမြို့၌ကျင်းပမည့် ၂၀၀၉ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲသို့တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၆ရက် မွန်းလွဲ၂နာရီခွဲတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ညနေ၆နာရီ၁၀မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းလေဆိပ်သို့ ရောက်ရှိသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီးဦးသိန်းလွင်က လေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆိုနှုတ်ဆက်သည်။

ဂုဏ်ပြုပန်းစည်းပေးအပ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များသည် လေယာဉ်ပေါ်မှဆင်းသက်လာရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့မှ ကောင်စစ်ဝန်ချုပ်ဦးမျိုးတင့်နှင့်ဇနီး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုများ၊ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Gu Zhaoxi၊ ယူနန်ပြည်နယ် နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် Mme. Zhou Hong နှင့် တာဝန်ရှိသူများက လေယာဉ်လှေကားထိပ်မှ ကြိုဆိုနှုတ်ဆက်ကြပြီး တရုတ်အမျိုးသမီးငယ်နှင့် မြန်မာအမျိုးသမီးငယ်တို့က နိုင်ငံတော်ဝန်ကြီးချုပ်အား ဂုဏ်ပြုပန်းစည်းများကို ဂါရဝပြု ပေးအပ်ကြသည်။

ကြိုဆို

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တရပ်နားမည့် ကူမင်းလေဆိပ်ရှိ Best Business Passenger Terminal အဆောက်အအုံသို့ရောက်ရှိကြရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပါတီအတွင်းရေးမှူး Mr. Bai Enpei နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

တက်ရောက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ယူနန်ပြည်နယ် ပါတီအတွင်းရေးမှူး Mr.Bai Enpei က လေဆိပ်အတွင်းရှိ Best Business Center Terminal ရှိ Best Lounge တွင် ညစာဖြင့် တည်ခင်းဧည့်ခံရာ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာကုချောင်ရှိ၊ ယူနန်ပြည်နယ် နိုင်ငံခြားရေးရုံးမှ ညွှန်ကြားရေးမှူးချုပ် မဒမ်ကျိုးဟုန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမြင်ချင်းဖလှယ်

ညစာစားပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ယူနန်ပြည်နယ် ပါတီအတွင်းရေးမှူး Mr.Bai Enpei တို့သည် နှစ်နိုင်ငံဆက်ဆံရေး၊ နယ်စပ်ဒေသကုန်သွယ်ရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင် လိုက်ပါလျက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့မှ စန်းရမြို့သို့ တရုတ်လေကြောင်းဖြင့် ဆက်လက်ထွက်ခွာလာရာ ဒေသစံတော်ချိန် ည၉နာရီခွဲတွင် စန်းရမြို့လေဆိပ်သို့ ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဟိုင်နန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr.Lin Fanglue၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး တရုတ်အမျိုးသမီးငယ်က နိုင်ငံတော်ဝန်ကြီးချုပ်အား ဂုဏ်ပြုပန်းစည်းကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အထူးယာဉ်တန်းဖြင့် ထွက်ခွာခဲ့ရာ ခေတ္တတည်းခိုမည့် စန်းရမြို့ရှိ Ritz Carlton ဟိုတယ်သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ စန်းရမြို့လေဆိပ်၌ ဟိုင်နန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Lin Fanglue ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

❒ *ကျော်ဖုံးမှ*

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာဝမ်ကျုံးရင်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဌာနဆိုင်ရာအကြီးအကဲများလည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၁-၄-၂၀၀၉ ရက်

(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ အသွင်မတူ တစ်မူထူးခြားငဝန်မြစ်ကူး(မြို့ကွင်း)တံတား
၈:၃၀ ၉။ International News
၈:၄၀ ၁၀။ တေးဂီတအစီအစဉ်
၈:၅၀ ၁၁။ **အလျော်အစား**
အကယ်ဒမီဇင်ဝိုင်း၊ ငွေဇင်သွန်း (ဒါရိုက်တာ-ကျော်ဇောလင်း)
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၂၀ ၂။ အကပြိုင်ပွဲ
၄:၃၀ ၃။ **ကျေးဇူးတင်ပါတယ် '' DOTS ''**
လွင်မိုး၊ ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ ခင်သန်းနွယ် (ဒါရိုက်တာ-စိုးကျော်ဆန်း)
၄:၅၀ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၅:၁၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၂၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၅:၃၅ ၈။ စက်ခေါင်းသစ်ယန္တရားသစ်ဖြင့်မြန်မာ့မီးရထား
၅:၄၅ ၉။ သူရွှေးသီရာတေးကဗျာ
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆:၅၀ ၁၃။ ဆိုလိုက်ကြစို့
၇:၁၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ
နွဲ့ဆိုးဆိုးသူ ကိုယ့်ချစ်သူ (အပိုင်း-၂၇)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ
ချစ်သူ့သံစဉ် (အပိုင်း-၉)

ဥတုရာသီ တောကိုမှီ၏

လက်ပံလျှပ်စစ်ရေတင်စီမံကိန်း ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှည်းကူးမြို့နယ် လက်ပံလျှပ်စစ် ရေတင်စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

■ *ကျော်ဖုံးမှ*

အကြီးအကဲများ၊ အာရှဒေသဆိုင်ရာ ဘိုအောင်းဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌတို့နှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် Convention Hall တွင် ကျင်းပသည့် ၂၀၀၉ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ ၂၀၀၉ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ငုယင်တန်ဒွန်း၊ ပါပူဝါနယူးဂီနီနိုင်ငံ ဝန်ကြီးချုပ် Mr. Michael SOMARE၊ အယ်ဘေးနီးယားနိုင်ငံ ဝန်ကြီးချုပ် Sali BERISHA၊ မွန်ဂိုလီးယားနိုင်ငံ ဝန်ကြီးချုပ် S. BAYAR၊ နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ် John KEY၊ ကာဇက်စတန်နိုင်ငံ သမ္မတ Nursultan Abishevich NAZARBAYEV၊ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ Asif Ali ZARDARI၊ အီရန်နိုင်ငံ ဒုတိယသမ္မတ Parviz Davoudi၊ အာရှဒေသဆိုင်ရာ ဘိုအောင်းဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ယခင် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ Mr. Fidel V. RAMOS နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

၂၀၀၉ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲတွင် ရှေးဦးစွာ အာရှဒေသဆိုင်ရာ ဘိုအောင်းဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ယခင် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ Mr. Fidel V. RAMOS က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က အာရှငွေကြေးဂယက်လွန်စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ မိန့်ခွန်းပြောကြားသည်။

မိန့်ခွန်းပြောကြား

ဆက်လက်၍ ကာဇက်စတန်နိုင်ငံ သမ္မတ Nursultan Abishevich NAZAR BAYEV၊ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ Asif Ali ZARDARI၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် NGUYEN Tan Dung၊ မွန်ဂိုလီးယား နိုင်ငံ ဝန်ကြီးချုပ် S. BAYAR၊ နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ် John KEY နှင့် အီရန်နိုင်ငံ ဒုတိယသမ္မတ Parviz Davoudi တို့က မိန့်ခွန်းပြောကြားကြသည်။

ယင်းနောက် စီးပွားရေးလုပ်ငန်းရှင် ပညာရှင်များဖြစ်ကြသည့် ဆော်ဒီအခြေခံ စက်မှုလုပ်ငန်းကော်ပိုရေးရှင်း ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mohamed H. AL. MADY နှင့် Fortescue Metals Group Limited အမှုဆောင်အရာရှိချုပ် Andrew FORREST တို့က မိန့်ခွန်းပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဟိုင်နန်ပြည်နယ် ပါတီအတွင်းရေးမှူး မစ္စတာဝေ့လျိုချန်နှင့် ဟိုင်နန်ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာလော်ပေါင်မင်းတို့က ၂၀၀၉ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံခေါင်းဆောင်များ၊ အကြီးအကဲများအား Banquet Hall ၌ တည်ခင်းသည့် ဂုဏ်ပြုနေ့လယ်စာ အခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် Boao International Conference Center မှ အထူးယာဉ်တန်းဖြင့် ထွက်ခွာခဲ့ရာ ခေတ္တတည်းခိုသည့် Ritz Carlton Hotel သို့ ညနေ ၄နာရီ မိနစ်၂၀တွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မိန့်ခွန်းပြောကြား

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ၂၀၀၉ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲတွင် အာရှငွေကြေးဂယက်လွန်စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

လက်ပံလျှပ်စစ်ရေတင်စီမံကိန်းနှင့် ငမိုးရိပ်လျှပ်စစ်ရေတင်စီမံကိန်းများ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် လိုက်ပါလျက် ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် လက်ပံကျေးရွာအနီးရှိ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၏ လက်ပံလျှပ်စစ်ရေတင်စီမံကိန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ လက်ပံလျှပ်စစ်ရေတင်စီမံကိန်းတာဝန်ခံ ဦးစီးအရာရှိက လက်ပံလျှပ်စစ်ရေတင်စီမံကိန်းအပိုင်း(၁) လက်ပံအပိုင်း၌ ပင်မမြောင်းပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အပိုင်း(၁)လက်ပံအပိုင်းတွင် ပင်မမြောင်းအတွင်း ရေတင်သွင်းနေမှုကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဖြည့်စွက်ရှင်းလင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ငမိုးရိပ် လျှပ်စစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ပင်မရေမြောင်းအတွင်း ရေများတင်သွင်းနေမှုကို ကြည့်ရှုစစ်ဆေးကာ ငမိုးရိပ်လျှပ်စစ်ရေတင်စီမံကိန်း တာဝန်ခံ ဦးစီးအရာရှိက ပင်မမြောင်းပြီးစီးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းဦးစီးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား

တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ကုမ္ပဏီများမှ လာရောက်တွေ့ဆုံ ဂါရဝပြု

နေပြည်တော် ဧပြီ ၂၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် စန်းရမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဧပြီ ၁၇ရက်တွင် **Ritz Carlton Hotel** ရှိ **Golden Harvest Ballroom-1** ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ကုမ္ပဏီများက လာရောက်တွေ့ဆုံ ဂါရဝပြုကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် စန်းရမြို့ Ritz Carlton Hotel ရှိ Golden Harvest Ballroom-1 ၌ Yunnan Yikun Hydropower Complex Co., Ltd. ဥက္ကဋ္ဌ ကွမ်းယိချွင်းနှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

ရှေးဦးစွာ နံနက်၁၁နာရီတွင် Yunnan Yikun Hydropower Complex Co.,Ltd. ဥက္ကဋ္ဌ ကွမ်းယိချွင်း၊ အတွင်းရေးမှူး လင်ကျွင်းနှင့် ညွှန်ကြားရေးမှူး စံယင်ဟွာတို့က လာရောက်တွေ့ဆုံ ဂါရဝပြုကြသည်။ ယင်းတို့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုလည်း တက်ရောက်သည်။

တက်ရောက်

ထို့နောက် နံနက်၁၁နာရီ မိနစ်၂၀တွင် China Gezhoub Group International Engineering Co., Ltd. ဒုတိယဥက္ကဋ္ဌ နင်းခိုင်၊ လက်ထောက်ဥက္ကဋ္ဌ ယွမ်ပေါင်ယိနှင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးအကြံပေး ကျွေ့ယိဟွာတို့က လာရောက်တွေ့ဆုံ ဂါရဝပြုကြရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုလည်း တက်ရောက်သည်။

ယင်းနောက် နံနက်၁၁နာရီ ၄၅မိနစ်တွင် China National Petroleum Corporation ဥက္ကဋ္ဌ ကျန်းကျာလင်၊ ဒုတိယဥက္ကဋ္ဌ လီကျိုလင်နှင့် ညွှန်ကြားရေးမှူး လျှိုကျွင်းဖန်းတို့ လာရောက်တွေ့ဆုံ ဂါရဝပြုကြရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုလည်း တက်ရောက်သည်။

စာမျက်နှာ ၇ ကော်လံ ၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား China National Petroleum Corporation ဥက္ကဋ္ဌ ကျန်းကျာလင်နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား China Gezhoub Group International Engineering Co., Ltd. ဒုတိယဥက္ကဋ္ဌ နင်းခိုင်နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်အား Z.T.E ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာ ကျိုင်းတန်ဖုန်နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်အား China Non Ferous Metal Mining Group Co., Ltd. ဥက္ကဋ္ဌလျှိုထောင်နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

ထို့နောက် မွန်းလွဲ၂နာရီတွင် Z.T.E ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာကျိုင်းတန်ဖုန်၊ မြန်မာနိုင်ငံဆိုင်ရာ တာဝန်ခံ မစ္စတာကျိုးပင်နှင့် အကြံပေး မစ္စတာအန်းယုံကန်းတို့က လာရောက်တွေ့ဆုံ ဂါရဝပြုကြသည်။

ဆက်လက်၍ မွန်းလွဲ၂နာရီ မိနစ်၂၀တွင် China Non Ferous Metal Mining Group Co.,Ltd. ဥက္ကဋ္ဌ လျှိုထောင်၊ အင်ဂျင်နီယာ ဝမ်ရှောင်ဝေတို့က လာရောက်တွေ့ဆုံ ဂါရဝပြုကြသည်။

တက်ရောက်ခဲ့

ယင်းသို့ လာရောက်တွေ့ဆုံ ဂါရဝပြုကြရာသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ရန်ကုန်သင်္ကြန်မှတ်တမ်းပုံရိပ်များဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဧပြီ ၂၀

၂၀၀၉ ရန်ကုန်သင်္ကြန် ရှုခင်း၊ မြင်ကွင်းမှတ်တမ်းပုံရိပ်များ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ်အတွဲ (၅)၊ အမှတ်(၁၅) ထွက်ရှိလာသည်။

ယင်းအပြင် "မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါးဝ သို့မဟုတ် စီးပွားရေးမြို့တော်စစ်တွေ"မျက်နှာဖုံးဆောင်းပါး၊ "ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းဖြစ်ပြီဆိုတာနဲ့ သတိထားဖို့ အထူးလိုအပ်ပါတယ်" မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းလွင်နှင့်တွေ့ဆုံခြင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ပထမဆုံး ရော်ဘာစေးပေါင်းခံစက်ရုံကြီး မကြာမီတည်ဆောက်မည်၊ ပြည်တွင်း အမြန်ချောပို့လုပ်ငန်းများ အွန်လိုင်းစနစ်ဖြင့် ပို့နိုင်ပြီ၊ မုန်တိုင်းအကြောင်း အချိန်မီ သတင်းထုတ်ပြန်နိုင်ရန် ၂၄နာရီ မုန်တိုင်းစောင့်ကြည့်နေ၊ ဩ့မထအုပ်စုစပါးများ ပြည်ပက အဝယ်လိုက်၍ ဆန်စပါးဈေးကွက် ပြန်လည်ဦးမော့လာ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ **"အပူဒဏ်နှင့် နေထိုင်ရခြင်းဒုက္ခ"**အကြောင်း၊ **စိုးမြတ်နန္ဒာနှင့်တွေ့ဆုံခိုက် မေးမြန်းဖြစ်ခဲ့တာလေးတွေ** ဖျော်ဖြေရေးသတင်းနှင့်အတူ ကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိလာသည်။

ကဏ္ဍစုံလင်

နိုင်ငံသားများအား ပိုမိုနူးညံ့သိမ်မွေ့ပြီး ကရုဏာထားတတ်စေရန် စင်ကာပူလိုလား၊ အာဆီယံလူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းက အခြေအနေကောင်းများကို ပိုမိုဖန်တီးပေးမည်ဖြစ်၊ ကလေးငယ်များ၏ အိပ်ခန်းအတွင်း ရုပ်သံစက်များ မထားပေးသင့်၊ ပါလက်စတိုင်းလူငယ်များ စိတ်အားငယ်နေကြဟုဆို၊ ကမ္ဘာ့ငွေကြေးအကျပ်အတည်းတွင် ကန်ပြည်ထောင်စုအား မည်သူကျွေးမည်လဲ၊ လေဖြတ်ပြီး အမြင်အာရုံချို့တဲ့သော ဝေဒနာရှင်များ သာယာနှစ်လိုဖွယ်ကောင်းသော ဂီတသံကို နားထောင်ခြင်းဖြင့် ရောဂါသက်သာပျောက်ကင်းစေနိုင်၊ **"အသက် ၁၅ နှစ်အရွယ်ရှိ နယူးဇီလန်နိုင်ငံသားက စကော့တလန်နိုင်ငံသူအား သတ်မှုကြောင့် ထောင်ဒဏ် ၁၂နှစ်ခွဲ ပြစ်ဒဏ်ချမှတ်ခံရ"** မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ **"ပြောရဦးမယ် သူတို့က ဒီလိုတဲ့"** ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

အဝလွန်သူများ အသက်အရွယ်ရလာလျှင် ကိုယ်လက်အင်္ဂါချို့ယွင်းမှုဖြစ်နိုင်

ငယ်ရွယ်သည့်အချိန်မှ စတင်ကာ အဝလွန်ခြင်း သို့မဟုတ် ကိုယ်အလေးချိန်များခြင်း ဖြစ်လာခဲ့သူများသည် အသက်အရွယ်ကြီးရင့်လာသည့်အခါ ကိုယ်လက်အင်္ဂါချို့ယွင်းမှု ဖြစ်ပွားနိုင်ရန် အခွင့်အလမ်းများကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အရိုးပွ

ကိုယ်အလေးချိန်များပြီး အဝလွန်သူများသည် ခန္ဓာကိုယ်အတွင်း ကိုလက်စထရော များနေသူများဖြစ်သလို ၎င်းတို့၏ အရိုးများလည်း ပွနေတတ်ကြောင်း၊ ထို့ကြောင့် အရိုးကျိုးမှုများ ဖြစ်ပွားတတ်လေ့ရှိကြောင်း သိရသည်။

သုတေသနပြု

အဝလွန်သည့် အမျိုးသားနှင့် အမျိုးသမီး ၂၈၀၀ကျော်အား သုတေသနပြုလေ့လာခဲ့ရာ အသက် ၆၀ကျော်လာချိန်တွင် ကိုယ်လက်အင်္ဂါချို့ယွင်းသူ ၂၅ရာခိုင်နှုန်းခန့်ရှိကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

မတော်တဆမှု

ထိုသို့ ကိုယ်လက်အင်္ဂါချို့ယွင်းမှု ဖြစ်ပွားရခြင်းမှာ သွေးကြောပိတ်ခြင်း၊ အရိုးကျိုးခြင်းနှင့် အခြားမတော်တဆ ထိခိုက်ဒဏ်ရာရမှုများကြောင့်ဖြစ်သည်ဟု အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်

ရန်ကုန် ဧပြီ ၂၀

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျားနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာခဲ့သည်။

နေ့အပူချိန်များမှာ တနင်္သာရီတိုင်းတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ မြင်းခြံမြို့တွင် ၄၂ဒီဂရီစင်တီဂရိတ်နှင့် ညောင်ဦးမြို့တွင် ၄၁ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြဝတီမြို့တွင် ၁ဒသမ၆၅လက်မ၊ ရွှေကျင်မြို့တွင် ၁ဒသမ၀၂လက်မ၊ စစ်ကိုင်းမြို့တွင် ၀ဒသမ၇၉လက်မ၊ ပင်လောင်းမြို့တွင် ၀ ဒသမ၇၁လက်မနှင့် မန္တလေးမြို့တွင် ၀ဒသမ၅၉လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဧပြီ၂၁ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလုတိုး

* ရှေ့ဖုံးမှ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရ ရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ နံနက် ၁၀ နာရီခွဲတွင် ရွှေစာရံစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ရွှေစာရံစေတီတော်မြတ်ကြီး၏အရှေ့ဘက်မုခ်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးတိုင်တို့ဖြင့် ဆက်ကပ်၍ ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရွှေစာရံစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုကြပြီး အနောက်ဘက်မုခ်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော မဟာမုနိ ဗုဒ္ဓဆင်းတုတော်ကြီးအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးတိုင်တို့ဖြင့် ဆက်ကပ်၍ ဖူးမြော်ကြည်ညိုကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုတို့သည် ရွှေစာရံစေတီတော်မြတ်ကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က ရွှေစာရံ မဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပုံတော်အား ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ကြည့်ရှုကြည်ညို

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ရွှေစာရံ စေတီပရိဝုဏ်အတွင်း၌ ရှေးမူမပျက်စေဘဲ ပြန်လည်မွမ်းမံထိန်းသိမ်းထားသည့် ရှေးဟောင်းစေတီဘုရားများ၏ ပြုပြင်မွမ်းမံထားရှိမှု အခြေအနေကို ကြည့်ရှုကြည်ညိုကြသည်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် သမိုင်းဝင်ရွှေစာရံ စေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်း၊သစ်သီး၊ပန်း၊ရေချမ်း၊ဆီမီးနှင့် အမွှေးတိုင်တို့ဖြင့် ဆက်ကပ်၍ ဖူးမြော်ကြည်ညိုကြစဉ်။(သတင်းစဉ်)

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ညနေ ၆နာရီ ၁၅ မိနစ်တွင် အမရပူရမြို့နယ် မဟာဓမ္မရံသီကုန်းတော်၌ တည်ထားကိုးကွယ်သော စွယ်တော်မြတ်စေတီတော် (မန္တလေး)သို့ ရောက်ရှိကြသည်။

ဖူးမြော်ကြည်ညို

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စွယ်တော်မြတ်စေတီတော် ဂန္ဓကုဋိတိုက်အတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ဖြင့် ဆက်ကပ်၍ ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စွယ်တော်မြတ်စေတီတော် (မန္တလေး)အတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စွယ်တော်မြတ်စေတီတော်(မန္တလေး) ဂန္ဓကုဋိတိုက်အတွင်း လက်ယာရစ်တစ်ပတ်လှည့်လည် ဖူးမြော်ကြည်ညိုကြပြီး စေတီတော်ကြီးအား စနစ်တကျ ပုံမှန်ထိန်းသိမ်းပြုပြင်ရေးနှင့်ပရိဝုဏ်အတွင်းစိမ်းလန်းစိုပြည်သာယာရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ ရောက်ရှိကြပြီး ဗိုလ်ချုပ်မှူးကြီးသည် ဘုရားကြီးအရှေ့ဘက်စောင်းတန်း အတွင်းသို့ ရောက်ရှိဖြတ်သန်းစဉ် နိဗ္ဗာန်ကုန်ရောင်းချသူများနှင့် ဘုရားဖူးပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးတိုင်တို့ဖြင့် ဆက်ကပ်၍ ဖူးမြော်ကြည်ညိုသည်။ လိုက်ပါလာသော အဖွဲ့ဝင်များကလည်း မဟာမုနိဘုရားကြီးအား ရွှေဆိုင်းသင်္ကန်း ကပ်လှူပူဇော်ကြသည်။

ဓမ္မလက်ဆောင်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က မဟာမုနိရုပ်ရှင်တော်မြတ်ကြီးပုံတော်ကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်သည်။

လက်မှတ်ရေးထိုး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ စစ်ကိုင်းမြို့ ရာဇမဏိစူဠာ ကောင်းမှုတော်စေတီတော်ကြီး၏ မေတ္တာရေကန်အနီး၌ ကံ့ကော်ပင်၊ လုမ္ဗနီအင်ကြင်းပင်တို့ကို အမှတ်တရ စိုက်ပျိုးကြစဉ်။
(သတင်းစဉ်)

အမှတ်တရစိုက်ပျိုး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ စစ်ကိုင်းမြို့ ရာဇမဏိစူဠာ ကောင်းမှုတော်စေတီတော်ကြီး၏ မေတ္တာရေကန်အနီး၌ ကံ့ကော်ပင်၊ လုမ္ဗနီအင်ကြင်းပင်တို့ကို အမှတ်တရစိုက်ပျိုးကြစဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးတိုးတက်မှု ကြည့်ရှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင် စေတီတော်ရင်ပြင်မှ စစ်ကိုင်းတောင်ရိုး စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှု၊ ဧရာဝတီမြစ်အရှေ့ဘက်ကမ်း၊ အနောက်ဘက်ကမ်းနှင့် စစ်ကိုင်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)



ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ဆွမ်းဦးပုညရှင်

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဧပြီ ၁၉ရက် နံနက်ပိုင်းတွင် မန္တလေးမြို့မှ စစ်ကိုင်းမြို့သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်ကြီးသို့ နံနက် ၉နာရီခွဲတွင် ရောက်ရှိကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် မြောက်ဘက်အာရုံခံတန်ဆောင်းရှိ ရတနာမုနိ ကိုးထပ်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးတိုင်တို့ဖြင့် ဆက်ကပ်၍ ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုတို့သည် ဆွမ်းဦးပုညရှင် စေတီတော်ကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က ဆွမ်းဦးပုညရှင် စေတီတော်ကြီးပုံတော်ကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ဖွံ့ဖြိုးတိုးတက်မှုကြည့်ရှု

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စေတီတော်ရင်ပြင်မှနေ၍ စစ်ကိုင်းတောင်ရိုး စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားရှိမှု အခြေအနေ၊ ဧရာဝတီမြစ် အရှေ့ဘက်ကမ်း၊ အနောက်ဘက်ကမ်းနှင့် စစ်ကိုင်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စေတီတော်ကြီး၏ မြောက်ဘက်အာရုံခံတန်ဆောင်း၌ ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓစွယ်တော် ကိန်းဝပ်စံပယ်တော်မူသော ရာဇမဏိစူဠာကောင်းမှုတော် စေတီတော်ကြီးသို့ နံနက်၁၀နာရီ၄၅မိနစ်တွင် ရောက်ရှိကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် တောင်ဘက်မုခ် အာရုံခံတန်ဆောင်းရှိ ပဋ္ဌလောဟာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးတိုင်တို့ဖြင့် ဆက်ကပ်၍ ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုတို့သည် ရာဇမဏိစူဠာကောင်းမှုတော် စေတီတော်ကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းကြသည်။

ကုသိုလ်ဒါနပြု

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အဘယဒါန၊ ဇီဝိတဒါန၊ အာယုဒါနအဖြစ် ခိုဖြူ၊ ခိုပြာ၊ ချိုးဖြူ၊ ဗီးကွက်၊ ကြက်တူရွေးနှင့် စာကလေးတို့ကိုလွှတ်၍ ကုသိုလ်ဒါနပြုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ရာဇမဏိစူဠာကောင်းမှုတော် စေတီတော်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ကြည်ညိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် စေတီတော်ကြီး၏ မေတ္တာကန်၌ ဇီဝိတဒါနအဖြစ် ငါးများကိုလွှတ်၍ ကုသိုလ်ဒါနပြုကြသည်။

အမှတ်တရစိုက်ပျိုး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် မေတ္တာရေကန်အနီး၌ ကံ့ကော်ပင်၊ လုမ္ဗနီ အင်ကြင်းပင်တို့ကို အမှတ်တရစိုက်ပျိုးကြပြီး ပြန်လည်ထွက်ခွာခဲ့ကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ညနေ၆နာရီတွင် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားသို့ ရောက်ရှိကြပြီး တောင်ဘက်စောင်းတန်း အာရုံခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ဆီမီး၊ရေချမ်းတို့ဖြင့် ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကာ ဂေါပကအဖွဲ့ထံ အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားအား လက်ယာရစ်တစ်ပတ် လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုတို့ အဘယဒါန၊ ဇီဝိတဒါန၊ အာယုဒါနအဖြစ် ခိုဖြူ၊ ခိုပြာ၊ ချိုးဖြူ၊ ဗီးကွက်၊ ကြက်တူရွေးနှင့် စာကလေးတို့ကိုလွှတ်၍ ကုသိုလ်ဒါနပြုကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုတို့ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်ကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဆုတောင်းပြည့်ဘုရား

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မန္တလေးတောင်တော် ဆုတောင်းပြည့်ဘုရားသို့ ရောက်ရှိကြပြီး အရှေ့ဘက်အာရုံခံတန်ဆောင်းရှိ ကကုသန်ဘုရားအား ပန်း၊ရေချမ်း၊ဆီမီးတို့ဖြင့် ဆက်ကပ်၍ ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဂေါပကအဖွဲ့ထံ အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မန္တလေးတောင်ရင်ပြင်တော်မှ မန္တလေးတောင်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားမှုများကိုလည်းကောင်း၊ မန္တလေးမြို့ သာယာလှပမှု ရှုခင်းများကိုလည်းကောင်း ကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မေးမြန်းလမ်းညွှန်သည်။

လက်မှတ်ရေးထိုး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ရင်ပြင်တော်တွင် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြပြီး ရင်ပြင်တော်အား လှည့်လည်ကြည့်ရှုကြသည်။

စန္ဒာမုနိဘုရား

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် စန္ဒာမုနိဘုရားသို့ ရောက်ရှိကြပြီး ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စန္ဒာမုနိဘုရား ပရိဝုဏ် အတွင်းရှိ သာသနိက အဆောက်အအုံများကို ကြည့်ရှုပြီး ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ရန်ပြုခြင်းရဲ့အဓိပ္ပာယ် ငြိမ်းချမ်းတဲ့အခါသိလိမ့်မယ်

စောဖိုးစီ

စောနေစိုးမြတို့အဖွဲ့ ပြန်လာမယ်ဆိုတဲ့ သတင်းကြားတော့ ကျွန်တော့်စိတ်ထဲမှာ မယုံမရဲ ဖြစ်မိပါသေးတယ်။ ကျွန်တော့်လိုပဲ ကျွန်တော်တို့တစ်ရွာလုံး မယုံမရဲနဲ့ ဒီသတင်း အမှန်ဖြစ်ပါစေလို့ ဆုတောင်းနေမိကြပါတယ်။ တကယ်ပြန်လာမှာလား၊ ဘယ်တော့ပြန်လာမှာလဲ၊ ဘယ်သူတွေပါလာမလဲဆိုတာ ကျွန်တော်တို့အတွက် အသိချင်ဆုံး အကြောင်းအရာများဖြစ်နေပါတော့တယ်။

အတေးလေးလို့ ကျွန်တော်တို့သိထားတဲ့ စောနေစိုးမြဟာ ဖထီးမြရဲ့သားပီပီ လက်အောက်ငယ်သားအများစုရဲ့ ချစ်ခင်လေးစားမှုကိုရရှိထားသူဖြစ်ပါတယ်။ ကျွန်တော် မဲဆောက်မှာ ရှိစဉ်ကတည်းက အတေးလေးအနေနဲ့ သူ့အဖေရဲ့ ဆန္ဒဖြစ်တဲ့ ကရင်တစ်မျိုးသားလုံး ငြိမ်းချမ်းသာယာဝပြောရေးအတွက် ငြိမ်းချမ်းရေးလုပ်ဖို့ ကြိုးစားနေကြောင်း သိပါတယ်။ ဒါပေမယ့် KNU အတွင်းမှာ ငြိမ်းချမ်းရေးလုပ်လိုတဲ့သူ၊ ကိုယ့်အရပ်ကိုယ့်ဇာတိ ပြန်ချင်တဲ့သူတွေကို လက်ရှိ KNU ထိပ်ပိုင်းခေါင်းဆောင်တချို့က သစ္စာဖောက်လို့သတ်မှတ်ပြီး အမျိုးမျိုးအန္တရာယ်ပေးလေ့ရှိပါတယ်။

အထူးသဖြင့် KNU နဲ့ပေါင်းပြီး နယ်စပ်မှာ နိုင်ငံရေးလုပ်စားနေတဲ့ အစိုးရဆန့်ကျင်သူလို့ ခေါင်းစဉ်အမျိုးမျိုးတပ်ထားတဲ့ ပြည်ပြေးတွေ၊ နိုင်ငံခြားအထောက်အပံ့အမျိုးမျိုးရယူထားတဲ့ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေကတော့ KNU အဖွဲ့ တရားဥပဒေဘောင်အတွင်းဝင်ရောက်သွားမှာကိုအရမ်းစိုးရိမ်နေကြပါတယ်။ရှင်းရှင်းလေးပါပဲ။ KNU အဖွဲ့သာ ငြိမ်းချမ်းရေးရသွားရင် သူတို့ရနေတဲ့ အထောက်အပံ့တွေ မရတော့မှာသိလို့ KNU ကို သက်ဆိုးရှည်အောင် နည်းမျိုးစုံနဲ့ လုပ်နေကြပါတယ်။ သူတို့ပုံဖော်နေတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ မတည်ငြိမ်မှုတွေ၊ နယ်စပ်တိုက်ပွဲတွေ ပပျောက်သွားမှာကို လုံးဝမလိုလားကြပါဘူး၊ KNU ငြိမ်းချမ်းရေးလုပ်မယ်ဆိုတိုင်း အမျိုးမျိုးသွေးထိုးနှောင့်ယှက်ဖျက်ဆီးလေ့ရှိကြပါတယ်။ ဒါကြောင့်မို့လဲ နေစိုးမြနဲ့အဖွဲ့ ပြန်လာမယ်ဆိုတော့ ဘယ်လိုအဖျက်အဆီးတွေ ဝင်လာမလဲလို့ ပူပန်မိပါသေးတယ်။

မတ်လ ၃၀ရက်က နေစိုးမြအဖွဲ့ ထို့ကော်ကိုးရွာကိုရောက်လာကြောင်း သိရှိချိန်ကျမှ ကျွန်တော့်ရဲ့ စိုးရိမ်စိတ်တွေ၊ မယုံမရဲ စိတ်တွေအားလုံး ပပျောက်သွားခဲ့ရပါတယ်။ အမျိုးမျိုးသော အတားအဆီးများကြားကနေ နေစိုးမြအနေနဲ့ သူ့အဖေရဲ့ဆန္ဒကို မဖြစ်မနေလုပ်ဖို့ ခြေလှမ်းစတင်လှျောက်လှမ်းလိုက်ပြီလို့ ယုံကြည်မိပါတယ်။

ဒီတစ်ခေါက်ရောက်လာသူအများစုက တပ်မဟာ(၆)က အများဆုံးဖြစ်ပြီး ကျွန်တော်နေခဲ့တဲ့ ဒုက္ခသည်စခန်းက မိသားစုတချို့ကိုလည်း ပြန်တွေ့ခဲ့ရလို့ အတိုင်းမသိ ဝမ်းသာကြည်နူးခဲ့ရပါတယ်။ ပြန်ရောက်လာတဲ့သူတွေကလည်း ကိုယ့်အရပ် ကိုယ့်ဒေသကို လုံခြုံစိတ်ချစွာနဲ့ ပြန်ရောက်လာရလို့ အရမ်းကို ပျော်ရွှင်ကြည်နူးနေတဲ့ မြင်ကွင်းက စိတ်ချမ်းမြေ့စရာကောင်းပါတယ်။ နိုင်ငံတော်အစိုးရ တာဝန်ရှိသူများကလည်း မျှော်လင့်ထားတာထက်ကို နွေးနွေးထွေးထွေး လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ပါတယ်။

လက်ရှိပကတိအခြေအနေတွေအရ KNU ခေါင်းဆောင်ပိုင်းတချို့နဲ့ ဆန့်ကျင်ဘက်နိုင်ငံရေးလုပ်စားသူတွေ၊ လူ့အခွင့်အရေးအရေးခြုံ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေက ဒီမိုကရေစီအရေး၊ လူမျိုးရေးတွေဗန်းပြပြီး ကရင်ပြည်နယ်နဲ့ ကရင်လူထုကောင်းစားရေးအတွက် လက်နက်ကိုင်လမ်းစဉ်ကို လုပ်နေတာလို့ပြောပေမယ့် အောက်ခြေကရင်စစ်သားတွေနဲ့ ဒုက္ခသည်စခန်းမှာရှိနေကြတဲ့ ကရင်တိုင်းရင်းသားစစ်စစ်တွေကတော့ KNU ရဲ့ လက်တွေ့လုပ်ရပ်တွေကို ဘယ်သူ့မှ မယုံကြည်ကြတော့ပါဘူး။ အထူးသဖြင့် KNU ရဲ့ (၁၄)ကြိမ်မြောက်ကွန်ဂရက်မှာ မိသားစုကြီးစိုးရေးမူဝါဒဖြစ်လာပြီးနောက်ပိုင်း လက်အောက်က တပ်မဟာ၊ တပ်ရင်းတွေကိုယ့်သဘောကိုယ်ဆောင်ပြီး ရပ်တည်လှုပ်ရှားနေကြရပါတယ်။ လက်ရှိ KNU အဖွဲ့မှာ ရာထူးကြီးကြီးရထားသူတွေက သူတို့မိသားစုကောင်းစားရေးအတွက်သာ လုပ်ကိုင်နေပြီး ကရင်လူမျိုးတွေအတွက် ဘာတစ်ခုမှ လုပ်မပေးပါဘူး။ အဖေက ဥက္ကဋ္ဌ၊ သမီးက အတွင်းရေးမှူး၊ သားအကြီးက ဗဟိုစစ်ဆင်ရေးမှူးချုပ်၊ သားအငယ်က တပ်မဟာမှူးလုပ်ပြီး ဦးဆောင်နေတဲ့အဖွဲ့အစည်းဟာ ဘယ်လိုမှ လမ်းကြောင်းမမှန်နိုင်ပါဘူး။ ခေါင်းဆောင်ပိုင်းက နိုင်ငံခြားမှာ အနေများပြီး ကရင်ပြည်နယ်အတွင်းက ပြည်သူတွေရဲ့ အခြေအနေမှန်ကို မသိကြပါဘူး။ ပြည်သူအများဟာ ငြိမ်းချမ်းရေးကို လိုချင်ပေမယ့် KNU ခေါင်းဆောင်ပိုင်းဟာ ဒေါ်လာအတွက် မငြိမ်းချမ်းအောင် လုပ်နေကြပါတယ်။

ဒါ့အပြင် ထိုင်းအစိုးရက ကျွန်တော်တို့ KNU တပ်ဖွဲ့ဝင်တွေ၊ ဒုက္ခသည်စခန်းကလူတွေရဲ့ ခရီးသွားလာခွင့်နဲ့ပတ်သက်ပြီး စည်းကမ်းတင်းကျပ်မှုတွေရှိလာရင် နယ်စပ်မှာရှိတဲ့ ထိုင်းရွာတွေကို KNU တပ်တွေလာပစ်ခတ်ပြီး အစိုးရတပ်တွေ လာပစ်ခတ်သလိုမျိုးလုပ်တဲ့ အကျင့်လဲရှိပါတယ်။ ထိုင်းရွာသားတွေကို ထိခိုက်သေကျေစေလိုတဲ့ ဆန္ဒမရှိပေမယ့် မြန်မာအစိုးရတပ်တွေက ထိုင်းရွာတွေကို လက်နက်ကြီးနဲ့ ပစ်ခတ်တယ်ဆိုပြီး ထင်ယောင်ထင်မှားဖြစ်အောင် လုပ်ခဲ့ကြတာပါ။ တစ်နည်းအားဖြင့် မြန်မာနဲ့ထိုင်း နှစ်နိုင်ငံနယ်စပ်မှာ အထင်အမြင်လွဲမှားစေမယ့် အပြုအမူတွေကို KNU ဗဟိုကခိုင်းလို့ ကျွန်တော်တို့အောက်ခြေတပ်ရင်းတွေက မကြာခဏ လုပ်ပေးခဲ့ရတာ အဖြစ်မှန်တွေပါပဲ။

နှစ်ပေါင်း ၆၀ နီးပါး ဘယ်လိုမှမအောင်မြင်နိုင်တဲ့ တော်လှန်ရေးဆိုတာ ကရင်လူမျိုးတိုင်း သိနားလည်ကြပါတယ်။ ဝါဒမမှန် လမ်းကြောင်းလွဲခဲ့လို့လည်း ပြည်သူလူထုထောက်ခံမှု လုံးဝမရခဲ့တဲ့အပြင် ပြည်သူလူထုက လက်မခံလို့ ကိုယ့်မြေကိုယ့်ရေမှာ မနေနိုင်ဘဲ အခြေခံစခန်းကြီးတွေ လက်လွှတ်ဆုံးရှုံးပြီး တစ်ဖက်နိုင်ငံကို မျက်နှာငယ်စွာနဲ့ မှီခိုအားပြုနေရပါတယ်။ တစ်ဖက်နိုင်ငံကလည်း လက်နက်ကိုင်သူပုန်ကို တရားဝင် လက်ခံလို့မရတော့ တစ်ဖက်လှည့်နဲ့ နိုင်ငံရေးသမားလိုလို၊ ဒုက္ခသည်လိုလို၊ တရားမဝင် ဝင်ရောက်လာသူများအဖြစ်သာ အသိအမှတ်ပြုထားလို့ ကရင်လူမျိုးတွေအတွက် အလွန်ရှက်ဖို့ကောင်းပါတယ်။ နေဖို့အတွက် သူများမျက်နှာကိုကြည့်နေရသလို စားဖို့အတွက်လည်း အထောက်အပံ့ရအောင် မျက်နှာချိုသွေး တောင်းရမ်းနေရပါတယ်။

လက်နက်ကိုင်တိုက်ပွဲတွေကြောင့် ကရင်လူမျိုးတွေရဲ့ဘဝ တိုးတက်မလာဘဲ အခြားတိုင်းရင်းသားဒေသတွေနဲ့ယှဉ်လိုက်ရင် နောက်မှာကျန်နေခဲ့ရပါတယ်။ ကျွန်တော်လည်း ကိုယ့်ရပ်ကိုယ့်ရွာပြန်ရောက်ပြီးမှ ဒေသတစ်ခုဟာ မငြိမ်းချမ်းခင်အခြေအနေနဲ့ ငြိမ်းချမ်းပြီးအခြေအနေဟာ လုံးဝမတူတော့ဘူးဆိုတာကို သိနားလည်ခဲ့ရပါတယ်။

ဒီအချက်ကို နေစိုးမြကိုယ်တိုင် ထို့ကော်ကိုး၊ မြိုင်ကြီးငူနှင့် ဘုရားကုန်းဒေသတွေကို သွားလေ့လာပြီး KNU ခေါင်းဆောင်ပိုင်းကို ရှင်းပြတယ်လို့ပြောပါတယ်။ ငြိမ်းချမ်းရေးဒေသများရဲ့ အခြေအနေများဟာ တောထဲမှာကြားသိနေရတဲ့ အခြေအနေနှင့် အရမ်းကွဲပြားနေပါတယ်။ ပြည်ပမှာဇိမ်ခံနေထိုင်ပြီး ပြည်တွင်းမှာ တိုက်ပွဲတွေဖန်တီးနေတဲ့ KNU ဗဟိုထိပ်ပိုင်းခေါင်းဆောင်တွေက အောက်ခြေစစ်သားတွေကို ပြည်တွင်းပြန်ဝင်ရင် ဖမ်းပြီးသတ်ပစ်လိမ့်မယ်၊ ငြိမ်းချမ်းရေးအဖွဲ့တွေ ငတ်ပြတ်နေပြီ၊ မင်းတို့သွားရင် ဒုက္ခရောက်မယ်လို့ အမျိုးမျိုးတားမြစ်တဲ့အမိန့်တွေထုတ်ထားပြီး ငြိမ်းချမ်းရေး လုပ်လိုတဲ့သူတွေကို လုပ်ကြံတဲ့အကျင့်ရှိပါတယ်။

ဒါကြောင့်မို့လည်း နေစိုးမြအဖွဲ့ပြန်လာမယ့်ကိစ္စမှာ ကျွန်တော့်အနေနဲ့ အစစအရာရာ အဆင်ပြေအောင် နိုင်ငံတော်က တာဝန်ရှိသူတွေကို အသိပေးပြီး လုပ်သင့်လုပ်ထိုက်တာကိုဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုလုပ်လို့ ပြည်ပမှာနေပြီး ကရင်လူမျိုးကောင်းစားရေး လုပ်နေတယ်ဆိုတဲ့ လူတွေက သစ္စာဖောက်လို့ သတ်မှတ်ခဲ့ရင်လည်း ရဲရဲဝံ့ဝံ့ခံယူဖို့ အသင့်ဖြစ်ပါတယ်။ တကယ်တော့ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်သူဟာ သစ္စာဖောက်မဟုတ်ဘဲ ငြိမ်းချမ်းရေးကို ဖျက်ဆီးသူများကသာ အမျိုးသားရေးသစ္စာဖောက်များ ဖြစ်ပါတယ်။

အမှန်အတိုင်းဝန်ခံရရင် တောထဲအထိ ကျွန်တော်တို့ ကားတွေနဲ့သွားကြိုတော့ လိုက်လာမယ့် သူငယ်ချင်းအများစုက အဖမ်းခံရမလား၊ ကြည်ကြည်ဖြူဖြူ လက်ခံပါ့မလား၊ မိသားစုတွေပါလို့ နေထိုင်စားသောက်ရေးအဆင်ပြေပါ့မလားဆိုတဲ့ မေးခွန်းများကို အမေးခံခဲ့ရပါတယ်။ ကျွန်တော်လည်း သူတို့နည်းတူ စိုးရိမ်နေခဲ့မိပါတယ်။ မြဝတီက ထွက်တဲ့အထိ စိတ်ထဲမှာ မတင်မကျဖြစ်နေပါသေးတယ်။ သက်န်းညီနောင်ရောက်တော့ ကျွန်တော်တို့ လုံးဝမျှော်လင့်မထားတဲ့ မြင်ကွင်းကို တွေ့လိုက်ရပါတော့တယ်။ အစိုးရတပ်မတော်သားတွေနဲ့ သူတို့ရဲ့မိသားစုဝင်တွေက ပန်းစည်း၊ ပန်းကုံးတွေနဲ့ ကြိုဆိုပြီး နေ့လယ်စာကို အလျှံပယ် ကျွေးမွေးခဲ့ပါတယ်။ လမ်းတစ်လျှောက်တွေ့ခဲ့ရတဲ့ ပြည်သူတွေကလည်း တစ်နယ်တစ်ကျေးသွားပြီး အိမ်ပြန်လာတဲ့ ဆွေမျိုးသားချင်းကို ကြိုဆိုတဲ့အတိုင်း နွေးနွေးထွေးထွေး ဝမ်းပန်းတသာ နှုတ်ဆက်ကြပါတယ်။

တစ်ချိန်က ဆက်ကြေးကောက်ဖို့ ရွာတွေကိုရောက်ရင် မြင်တွေ့ခဲ့ရတဲ့ စိုးရိမ်ကြောက်ရွံ့နေတဲ့ အငိုမျက်လုံးများဟာ ဒီတစ်ခေါက်မှာတော့ ပူပင်ကြောင့်ကြမှုကင်းနေတဲ့ အပျော်မျက်လုံးများဖြစ်နေတာ သတိထားမိပါတယ်။ ထို့ကော်ကိုးကိုရောက်တော့ အရင်ကမိတ်ဆွေလုပ်ဖော်ကိုင်ဖက်တွေနဲ့ ပြန်လည်ဆုံစည်းရချိန်မှာတော့ ဘယ်လိုမှ ပြောမပြတတ်တဲ့ ခံစားမှုကိုကြုံရပါတော့တယ်။ ပြည်နယ်ဥက္ကဋ္ဌလို့ပြောတဲ့ ဗိုလ်ချုပ်တစ်ယောက်က ခေါင်းဆောင်ပြီး အားရဝမ်းသာနဲ့ လိုလေသေးမရှိ ကြိုဆိုတာခံခဲ့ရလို့ မတင်မကျစိတ်တွေပျောက်ပြီး ဝမ်းသာလွန်းလို့ မျက်ရည်များတောင်လည်မိပါတယ်။ ဒေသခံကရင်လူမျိုးတွေကလည်း နေစိုးမြကို သာမန် KNU တပ်ဖွဲ့ဝင်အဖြစ် ကြိုဆိုတာမဟုတ်ဘဲ ကျွန်တော်တို့ ကရင်လူမျိုးတွေရဲ့ အစဉ်အလာရှိတဲ့ ကရင်ခေါင်းဆောင် ဖထီးမြရဲ့သားအဖြစ် ကြိုဆိုခဲ့တယ်လို့ ထင်ပါတယ်။

ပြန်ရောက်လာတဲ့ မိသားစုဝင်တွေအတွက် နေစရာအိမ်အသင့်၊ စားစရာရိက္ခာနဲ့ ရေရှည်မှာ ဘဝအာမခံချက်ရှိဖို့ ထောက်ပံ့မှုတွေ၊ အလုပ်အကိုင်ရှာပေးထားတာတွေက မျှော်လင့်ထားတာထက် ပိုမိုပြည့်စုံလို့နေပါတယ်။ တစ်ချိန်က KNU ရဲ့ ဝါဒမှိုင်းမိပြီး ကရင်လူမျိုး ကောင်းစားရေး၊ ကရင်ပြည်နယ် လွတ်မြောက်ရေးဆိုတဲ့ စကားလုံးတွေအစား ငြိမ်းချမ်းရေးဆိုတဲ့ စကားလုံးရဲ့အဓိပ္ပာယ်ဟာ ကရင်လူမျိုးများ အားလုံး အေးချမ်းသာယာဝပြောဖို့ ပြီးပြည့်စုံတဲ့ ကွေးကြော်သံဖြစ်မယ်ထင်ပါတယ်။

ရှေးပဝေသဏီထဲက သွေးချင်းညီအစ်ကိုမောင်နှမဖြစ်ခဲ့တဲ့ ကျွန်တော်တို့တွေဟာ လွတ်လပ်ရေးရပြီးနောက်ပိုင်း ကိုလိုနီနယ်ချဲ့များရဲ့ ဝါဒမှိုင်းကြောင့် လက်နက်ကိုင်လမ်းစဉ်ကို လမ်းကြောင်းလွဲမှား သွားခဲ့ရပါတယ်။ နှစ်ပေါင်း ၆၀နီးပါးဆိုးရွားတဲ့ အနိဋ္ဌာရုံတွေကို ပြည်သူတွေကပဲ ခါးစည်းခံခဲ့ရပါတယ်။ လက်ရှိအခြေအနေမှာလည်း ခေတ်သစ် ကိုလိုနီဝါဒများကြောင့် KNU ထိပ်ပိုင်း ခေါင်းဆောင်တချို့က နိုင်ငံရေး၊ လူမျိုးရေး၊ လူ့အခွင့်အရေးတွေကို ဗန်းပြပြီး KNU ရဲ့ လမ်းကြောင်းအမှားကို မစွန့်လွှတ်နိုင်သေးတာ ဝမ်းနည်းဖွယ်ရာ မြင်တွေ့နေရပါတယ်။ ဒီလိုလမ်းလွဲအမှားကြောင့် ကရင်ပြည်သူတွေနဲ့ အောက်ခြေကရင်စစ်သည် အများစုပဲ ဒုက္ခမျိုးစုံ ကြုံတွေ့နေရတာကို ကရင်ပြည်သူလူထုတစ်ရပ်လုံးက နားလည်သိရှိနေပြီ ဖြစ်ပါတယ်။ စောစောစီးစီး ငြိမ်းချမ်းရေးရခဲ့တဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေရဲ့ဒေသတွေမှာ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်နေတာ ဘယ်သူမှ ငြင်းနိုင်မယ်မထင်ပါဘူး။

ကျွန်တော်တို့လည်း ပြည်တွင်းကိုပြန်ရောက်လာပြီးမှ ပကတိအမှန်တွေကို မြင်တွေ့ကြားသိလာရပြီး ငြိမ်းချမ်းရေးရဲ့တန်ဖိုးကို ပိုပြီးနားလည်လာမိပါတယ်။ ရန်သူတွေမဟုတ်တဲ့ သွေးချင်းညီအစ်ကိုတွေ ရန်ပြုခြင်းရဲ့အဓိပ္ပာယ်ကို ငြိမ်းချမ်းရေးရတဲ့အချိန်မှာ ကောင်းကောင်းသိနားလည်နေပြီဖြစ်ပါတယ်။ မှောင်မိုက်ခြင်းရဲ့အဓိပ္ပာယ် အလင်းတန်းတွေ့ရင် သိမှာဖြစ်သလို နိုင်ငံတော်အစိုးရရဲ့စေတနာကိုလည်း ငြိမ်းချမ်းရေးရယူပြီး ရင်းရင်းနှီးနှီး ရှိလာချိန်မှာ ပိုမိုသိနားလည်လာပါလိမ့်မယ်။

ဒါကြောင့်မို့ အမှောင်မှာရှိနေသေးတဲ့လက်ကျန်အဖွဲ့များ ရန်ပြုခြင်းရဲ့အဓိပ္ပာယ်ကိုသိရှိဖို့ ငြိမ်းချမ်းရေးပန်းခင်းကို လျှောက်လှမ်းလာစေရန် ပြည်သူများက လိုလားလျက်ရှိနေကြောင်းပါခင်ဗျား။ ။

ပြန်ရောက်လာတဲ့ မိသားစုဝင်တွေအတွက် နေစရာအိမ်အသင့်၊ စားစရာရိက္ခာနဲ့ ရေရှည်မှာ ဘဝအာမခံချက်ရှိဖို့ ထောက်ပံ့မှုတွေ၊ အလုပ်အကိုင်ရှာပေးထားတာတွေက မျှော်လင့်ထားတာထက် ပိုမိုပြည့်စုံလို့နေ၊ တစ်ချိန်က KNU ရဲ့ ဝါဒမှိုင်းမိပြီး ကရင်လူမျိုး ကောင်းစားရေး၊ ကရင်ပြည်နယ် လွတ်မြောက်ရေးဆိုတဲ့ စကားလုံးတွေအစား ငြိမ်းချမ်းရေးဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ဟာ ကရင်လူမျိုးများအားလုံး အေးချမ်းသာယာဝပြောဖို့ ပြီးပြည့်စုံတဲ့ကွေးကြော်သံဖြစ်။

21-4 (10).pmd 1 4/21/2009, 3:14 AM

တရုတ်နှင့်ဘက်စုံ ပူးပေါင်းဆောင်ရွက်ရန် ပြင်သစ် မျှော်မှန်း

ပါရီ ဧပြီ ၂၀

ပြင်သစ်နိုင်ငံက တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖော်ဆောင်ရန်နှင့် နှစ်နိုင်ငံ မဟာဗျူဟာမြောက်စီးပွားဖက်အဖြစ် ခိုင်မာလာစေရန် မျှော်မှန်းကြောင်း ပြင်သစ်လွှတ်တော်ဥက္ကဋ္ဌဘားနပ်အက်ကွိုင်းက ဆင်ဟွာသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားလိုက်သည်။

လည်ပတ်

မစ္စတာဘားနပ်အက်ကွိုင်းသည် တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌဝူပန်ကူး၏ ဖိတ်ကြားချက်အရ ဧပြီ ၁၉ ရက်မှ ၂၆ ရက်အထိ တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်လျက်ရှိသည်။

ပြင်သစ်လွှတ်တော်ဥက္ကဋ္ဌ၏ တရုတ်ခရီးစဉ်မှာ ၁၉၈၂ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ခရီးစဉ်ဖြစ်ကြောင်းသိရသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

တရုတ်နိုင်ငံ ကျင်စုပြည်နယ် နန်ကျင်းမြို့၌ အထပ် ၅၀ရှိ အဆောက်အအုံ မီးလောင်မှုဖြစ်ပွားရာသို့ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်ကို ဧပြီ ၁၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်မြောက်ပိုင်း၌ တိုက်ခိုက်မှုများဖြစ်ပွား ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရ

မိုဆူးလ် ဧပြီ ၂၀

အီရတ်နိုင်ငံ မြောက်ပိုင်း မြို့တော်ဖြစ်သည့်မိုဆူးလ်မြို့တွင် ဧပြီ ၂၀ရက်က တိုက်ခိုက်မှုနှစ်ခု ဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင် တစ်ဦး သေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း ဒေသအတွင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ဒဏ်ရာရရှိ

မိုဆူးလ်မြို့မြောက်ဘက် အယ်ရှုဖာဒေသရှိ စစ်ဆေးရေး ဂိတ်သို့ သေနတ်သမားခုနစ်ဦး ဝင်ရောက်ပစ်ခတ်ခဲ့ရာ ရဲတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားခဲ့သည်။

ထပ်မံဖြစ်ပွား

ယင်းနေ့၌ပင် မိုဆူးလ်မြို့လယ်ရှိ ဖာဆလီရာဒေသ၌ အမေရိကန်တပ်ဖွဲ့ဝင်များ ကင်းလှည့်ရာအနီးတွင် ကားဗုံးပေါက်ကွဲမှုတစ်ခု ထပ်မံဖြစ်ပွားသည်။ ကားဗုံးပေါက်ကွဲမှု၌ ငါးဦး ဒဏ်ရာရရှိသွားပြီး၊ သုံးဦးမှာ အခြေအနေစိုးရိမ်ရကြောင်း၊ အမေရိကန် တပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရမှုကိုမူ အမေရိကန် စစ်ဘက်က သတင်းထုတ်ပြန်ခြင်း မရှိသေးကြောင်း သိရသည်။

ခိုအောင်း

အကြမ်းဖက်မှုဖြစ်ပွားရာ အီရတ်နိုင်ငံ မိုဆူးလ်မြို့အနီး ဝန်းကျင်ဒေသမှာ အယ်လ်ခိုင်ဒါအဖွဲ့များနှင့် အခြား အကြမ်းဖက် သမားများ ခိုအောင်းရာဒေသဖြစ်သည်။

(အင်တာနက်)

ဘာလင်မြို့၌ ရထားတိုက်မှုဖြစ်ပွား၊ ၂၄ ဦးဒဏ်ရာရ

ဘာလင် ဧပြီ ၂၀

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ဧပြီ ၁၇ရက်ညပိုင်းက ခရီးသည်တင်ရထားတစ်စင်းနှင့် ကုန်တင်ရထား တစ်စင်းတို့(အပေါ်ပုံ)တိုက်မိရာ ၂၄ ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။

ဒဏ်ရာရရှိသူငါးဦး၏ အခြေအနေမှာ စိုးရိမ်ရသဖြင့် ဆေးရုံသို့တင်ပို့ပေးခဲ့ပြီး ခရီးသည်တင်ရထား မောင်းနှင်သူမှာ ဒဏ်ရာရမှုအပြင်းထန်ဆုံးဖြစ်ကြောင်း ဒေသတွင်းအာဏာပိုင်များက ပြောကြားသည်။

ခရီးသည်တင်ရထားမှာ စတာလ်ဆန်မြို့မှ ထွက်ခွာလာခြင်းဖြစ်ကာ ဘာလင်မြို့လမ်းလွှဲအရောက်၌ သဘာဝဓာတ်ငွေ့ရည်များ တင်ဆောင်လာသည့် ကုန်တင်ရထားနှင့် တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ပါကစ္စတန်စစ်ဘက်တိုက်ခိုက်မှုကြောင့် တာလီဘန်စစ်သွေးကြွ ၂၀သေဆုံး

အစ္စလမ္မာဘတ် ဧပြီ ၂၀

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နယ်စပ်အနီး လူမျိုးစုများနေထိုင်ရာဒေသရှိ တာလီဘန် စစ်သွေးကြွများ ပုန်းအောင်းနေရာကို လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ တာလီဘန် စစ်သွေးကြွ ၂၀သေဆုံးကြောင်း ပါကစ္စတန်စစ်ဘက်က ပြောကြားသည်။

ပါကစ္စတန်မှ ဂျက်တိုက်လေယာဉ်များနှင့် ရဟတ်ယာဉ်များက အိုရက်ဇိုင်ခရိုင်ရှိ တာလီဘန်စစ်သွေးကြွများ၏ အခြေစိုက်စခန်းဟု ယူဆရသည့်နေရာများကို ဧပြီ ၁၉ရက်က တိုက်ခိုက်ခဲ့သဖြင့် စစ်သွေးကြွ အများအပြားဒဏ်ရာရရှိခဲ့သည်ဟု အထက် တန်းစစ်ဘက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ် တစ်ဦးက ရုပ်မြင်သံကြားဌာနသို့ ပြောကြား သည်။

ပျက်စီး

ပါကစ္စတန်စစ်ဘက်၏ တိုက်ခိုက်မှု ကြောင့် တာလီဘန်စစ်သွေးကြွများ၏ အခြေစိုက် စခန်းလေးခု ထက်မနည်း ပျက်စီးခဲ့ရသည်။

တာလီဘန်စစ်သွေးကြွများက ဟန်ဂူ ခရိုင်တွင် တိုက်ခိုက်ခဲ့သဖြင့် ၂၇ဦးသေဆုံး ပြီး နောက်တစ်ရက်တွင် ပါကစ္စတန် စစ်ဘက်က ဖော်ပြပါအတိုင်း တိုက်ခိုက် ခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

အမေရိကနိုင်ငံများ ထိပ်သီးအစည်းအဝေးပြီးစီး ကြေညာချက်လက်မှတ်ထိုးရန် ခေါင်းဆောင်အချို့ငြင်းဆို

ပို့အော့စပိန် ဧပြီ ၂၀

တိုဘာဂိုနှင့် ထရီနီဒက်နိုင်ငံ၌ ကျင်းပခဲ့သည့် ငါးကြိမ်မြောက် အမေရိကနိုင်ငံများ ထိပ်သီးအစည်းအဝေးမှ တက်ရောက်သည့် ခေါင်းဆောင်များက ကြေညာချက်ကို လက်မှတ်ထိုးရန်ပျက်ကွက်သည့်အတွက် အားရ ကျေနပ်ဖွယ်ရလဒ်များမရရှိဘဲ ပြီးဆုံးသွားပြီဖြစ်သည်။

ငြင်းဆို

ဗင်နီဇွဲလား၊ ဘိုလစ်ဗီးယား၊ နီကာရာဂွာနှင့် အခြားသော အချို့နိုင်ငံများ မှ နိုင်ငံအကြီးအကဲများက ထိပ်သီးအစည်းအဝေး ကြေညာချက်ကို လက်မှတ်ထိုးရန် ငြင်းဆိုပြီးနောက် ၃၄နိုင်ငံသမ္မတများ၏ စုပေါင်း လက်မှတ်ထိုးပွဲ အခမ်းအနားကို ဖျက်သိမ်းလိုက်သည်။

လက်မှတ်ထိုး

ငါးကြိမ်မြောက် အမေရိကနိုင်ငံများ ထိပ်သီးအစည်းအဝေးပွဲတွင် အိမ်ရှင်အစိုးရဝန်ကြီးချုပ် ပက်ထရစ် မန်နင်းက ကြေညာချက်ကို လက်မှတ်ထိုး လိုက်ရသည်ဆို၏။

(အင်တာနက်)

မက္ကဆီကို၌ ခရီးသည်တင်ရထားနှစ်စင်းတိုက်မိ

မက္ကဆီကိုစီးတီး ဧပြီ ၂၀

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့တော်အနီးရှိ ဆန်ရာဖီလ်ဘူတာရုံ၌ ဧပြီ၁၈ရက် ညပိုင်းက ခရီးသည်တင်ရထားနှစ်စင်းတိုက်မိရာ **(အပေါ်ပုံ)**ခရီးသည် ၇၀ ထက်မနည်း ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။

ရှေ့ရထားမှာ ပြေးလမ်းအတွင်းမှ မထွက်ခွာသေးဘဲ ရပ်နားထားစဉ် နောက်မှရထားတစ်စင်းက ဝင်တိုက်မိခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရသူအများစုမှာ နီးစပ်ရာဆေးရုံများ၌ ဆေးဝါးကုသမှုခံယူခဲ့ကြရ သည်။ **(အင်တာနက်)**

ရှေးဟောင်းကားပြတိုက်

အမေရိကန်နိုင်ငံ ဒက်ထရွိုက်မြို့ရှိ ရှေးဟောင်းကားပြတိုက်တွင် ပြသထားသည့် ကားများကို ဧပြီ ၁၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်ဆိုင်ရာ သံအမတ်ကြီး ဗင်နီဇွဲလား သမ္မတ ခန့်အပ် စေလွှတ်မည်

ဟိုအော့ပရင့် ဧပြီ ၂၀

အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီသို့ အမေရိကန်နိုင်ငံဆိုင်ရာ ဗင်နီဇွဲလားသံအမတ် ကြီး ခန့်အပ်စေလွှတ်မည်ဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ဧပြီ ၁၈ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

မျှော်လင့်

အမေရိကန်နိုင်ငံများ၏ ထိပ်သီး အစည်းအဝေးတွင် အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ်တို့ အပြန်အလှန်ကြိုဆိုနှုတ်ဆက် ဆွေးနွေးကြပြီးနောက် ဆက်ဆံရေးကဏ္ဍ သစ်တစ်ရပ်ကို ဖွင့်လှစ်နိုင်မည်ဟုမျှော်လင့် ကြောင်း ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ်က ပြောကြားသည်။ **(အင်တာနက်)**

အမေရိကန် တက္ကဆက်ပြည်နယ်၌ မုန်တိုင်းတိုက်ခတ် ကလေးငယ်ငါးဦးနှင့် အဘိုးအိုတစ်ဦးသေဆုံး

ဟူစတန် ဧပြီ ၂၀

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် အရှေ့တောင်ပိုင်းတွင် ဧပြီ၁၈ရက်က မုန်တိုင်း တိုက်ခတ်မှုဖြစ်ပွားခဲ့ရာ ခြောက်ဦး သေဆုံးကြောင်း၊ သေဆုံးသူများ၌ ကလေးငယ်ငါးဦးနှင့် အသက် ၇၆ နှစ်အရွယ် အဘိုးအိုတစ်ဦးပါဝင်ကြောင်း ပြည်နယ်အာဏာပိုင်အဖွဲ့က ပြောကြားသည်။

သတိပေးချက်

တက္ကဆက်ပြည်နယ်အနှံ့ မိုးသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း၊ အချို့နေရာများတွင် ရေလွှမ်းမှုနှင့် လေဆင်နှာမောင်းတိုက်ခတ်နိုင်သည့် သတိပေးချက်များ ထုတ်ပြန်ထား ကြောင်း သိရသည်။

(အင်တာနက်)

အင်တာနက် ကျန်းမာရေး

ဂရုတ်သီးကို သာမန်ထက် ပိုမိုစားသုံးပါလျှင် အသည်းနှင့်ပန်ကရိယကင်ဆာများ ဖြစ်ပွားနိုင်ဟုဆို



ဂရုတ်သီးကိုသာမန်ထက် ပိုမိုစားသုံးသူများသည် အသည်းနှင့် ပန်ကရိယကင်ဆာများ ဖြစ်ပွားစေနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

ကင်ဆာဆဲလ်

ဂရုတ်သီးတွင်ပါဝင်သော မှိုများက အသည်းကင်ဆာဖြစ်ပွားစေရန် တွန်းအားပေးကြောင်း၊ ထို့အတူ ဂရုတ်သီးမှိုများသည် အသည်းတွင်ဖြစ်ပွားနိုင်သော ကင်ဆာဆဲလ်များကို ပြန့်ပွားစေကြောင်း ၎င်းတို့က ပြောကြားသည်။

အကြံပြုထား

ထို့အပြင် ဂရုတ်သီးတွင်ပါဝင်သောဓာတ်က အသည်း၏လုပ်ငန်းစဉ်များကို ထိခိုက်စေကြောင်း၊ အသည်း၏အပေါ်ယံ မျက်နှာပြင်တွင် အကျိတ်များဖြစ်ပေါ်စေကြောင်း သိရသည်။ တစ်ဖန် ဂရုတ်သီးကို များများစားသုံးသူတို့တွင် သွေးကြောငယ်များ ရုတ်တရက်ပေါက်ထွက်မှုဖြစ်စေကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။ သို့သော် လတ်ဆတ်သည့် ဂရုတ်သီးကို သင့်တင့်မျှတစွာ စားသုံးခြင်းမှာမူ သွေးလည်ပတ်မှုကောင်းမွန်စေသဖြင့် အနည်းငယ်မျှ သင့်တင့်မျှတစွာ စားသုံးသင့်ကြောင်းလည်း ၎င်းတို့က အကြံပြုထားသည်။

ဘဝဒဿန

■ *By trust I Lost money, by distrust I save it.*

❒ *ယုံကြည်မှုကြောင့် ကျွန်ုပ်၏ ငွေဆုံးရှုံးခဲ့ရသည်။ ယုံကြည်စိတ်မထားလျှင် ကျွန်ုပ်၏ ငွေမဆုံးရှုံးနိုင်။*

သီအိုဂျနီစ်

(ဂရိလူမျိုးကဗျာဆရာ)

ဇနီးဆိုတာ .... ဘဝအမောပြေ

အရွယ်ရောက်လာပြီဖြစ်သော သားဖြစ်သူကို အိမ်ထောင်ချပေးရန် မိဘနှစ်ဦး တိုင်ပင်ဆွေးနွေးလျက်ရှိကြသည်။

ခင်ပွန်း ။ ။ သားကိုလိမ္မာပြီး ယဉ်ကျေးတဲ့မိန်းကလေးမျိုးနဲ့မှ လက်ထပ်ပေးချင်တယ်။

ဇနီး ။ ။ အင်း…

ခင်ပွန်း ။ ။ ခင်ပွန်းကိုရိုသေပြီး အိမ်မှုကိစ္စကျွမ်းကျင်တဲ့ အမျိုးသမီးမျိုးလည်း ဖြစ်ရမယ်။

ဇနီး ။ ။ အင်း…

ခင်ပွန်း ။ ။ ခင်ပွန်းစကားကိုနားထောင်ပြီး အလိုက်သိတတ်တဲ့ မိန်းကလေးမျိုးလည်း ဖြစ်ရမယ်။

ဇနီး ။ ။ အင်း…

ခင်ပွန်း ။ ။ မင်းလို အမျိုးသမီးမျိုးပေါ့ကွာ…

ဇနီး ။ ။ ဩော်…အဲဒီလိုဇနီးမျိုးအဖြစ်နဲ့ နေလာရတဲ့ကျွန်မရင်ထဲမှာ ခင်ပွန်းသည်ကို ကွာရှင်းချင်တဲ့စိတ်တွေ ပေါက်ကွဲမတတ်ဖြစ်နေတာတော့ ရှင်မသိဘူး မဟုတ်လား။

ခင်ပွန်း ။ ။ **'ဟေ'**

တရုတ် နျူကလီးယားလျှပ်စစ်ဓာတ်အားပေးစက်ရုံ အဏုမြူဓာတ်ပေါင်းဖိုတည်ဆောက်ရေး လုပ်ငန်းစတင်

ပေကျင်း ဧပြီ ၂၀

တရုတ်နိုင်ငံတွင် အမေရိကန်အခြေစိုက် ဝက်စတင်းဟောက်စ်ကုမ္ပဏီ၏ နည်းပညာသစ်များဖြင့် တည်ဆောက်မည့် ရေဖိအားသုံး အဏုမြူဓာတ်ပေါင်းဖို တည်ဆောက်ရေးလုပ်ငန်းများကို ဧပြီ၂၀ရက်က စတင်လိုက်ပြီဖြစ်သည်။ ယင်းအဏုမြူဓာတ်ပေါင်းဖိုမှာ ကျီကျင်းပြည်နယ်အရှေ့ပိုင်း ဆန်မန်နျူကလီးယား လျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ တည်ရှိကာ ပထမဆုံးကမ္ဘာပေါ်တွင် ဝက်စတင်းဟောက်စ်ကုမ္ပဏီ၏နည်းပညာသစ်ကို အသုံးပြုသည့် ဓာတ်ပေါင်းဖိုဖြစ်သည်။

ဆန်မန်နျူကလီးယားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းလုပ်ငန်းများကို အဆင့်သုံးဆင့်ခွဲကာ တည်ဆောက်မည်ဖြစ်သည်။ ပထမအဆင့်လုပ်ငန်းများအတွက် အမေရိကန် ဒေါ်လာ ၅ ဒသမ ၈၈ ဘီလီယံ အသုံးပြုရန် မျှော်မှန်းထားသည်။ ပထမဆင့်လုပ်ငန်းများမှာ ၂၀၁၃ ခုနှစ်အရောက်တွင် ပြီးစီးမည်ဖြစ်ကာ အဏုမြူဓာတ်ပေါင်းဖိုနှစ်လုံးမှ လျှပ်စစ်ဓာတ်အားကီလိုဝပ် ၁ ဒသမ ၂၅သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။ စီမံကိန်းအားလုံးအတွက် အဏုမြူဓာတ်ပေါင်းဖိုခြောက်လုံး တည်ဆောက်မည်ဖြစ်သည်။

ထုတ်လုပ်ပေး

တရုတ်နိုင်ငံအတွင်း လက်ရှိအချိန်၌ နျူကလီးယားဓာတ်အားပေးစက်ရုံ ခြောက်ရုံရှိပြီး အဏုမြူဓာတ်ပေါင်းဖို ၁၁ခု ရှိကာ လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၉ဒသမ၀၇သန်း ထုတ်လုပ်ပေးလျက်ရှိကြောင်း အားလုံးမှာ တရုတ်နိုင်ငံ၏ အရှေ့ဘက်ကမ်းရိုးတန်းတစ်လျှောက်တွင် တည်ရှိကြောင်း သိရသည်။

အကြီးဆုံးစီမံကိန်း

ယခုစီမံကိန်းမှ အမေရိကန်နှင့် တရုတ်နိုင်ငံတို့၏ စွမ်းအင်ဆိုင်ရာ ပူးပေါင်းလုပ်ဆောင်မှုများတွင် အကြီးဆုံးစီမံကိန်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

နျူကလီးယား တည်ဆောက်ရေး လုပ်ငန်းခွင်

တရုတ်နိုင်ငံ ကျီကျင်းပြည်နယ်အရှေ့ပိုင်း ဆန်မန်နျူကလီးယား လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရေး လုပ်ငန်းခွင်တစ်နေရာကို ဧပြီ ၁၉ရက်က တွေ့ရစဉ်။ (အင်တာနက် ဓာတ်ပုံ)

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊
မောင်မောင်မြင့်ဆွေ၊
မြင့်မောင်စိုး
ချစ်စိုးနိုင်၊
တင်မာဝင်းနှင့်
အေးသန္တာသိန်း

သတိပြုဆင်ခြင် ဖြစ်ရပ်စုံလင်

အတုယူစရာကောင်းသည့် ကိုယ်အလေးချိန်လျှော့ချသူ

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ဗြိတိန်နိုင်ငံ အဘာဒါရီမြို့မှ အသက် ၁၆နှစ်အရွယ် ဒါဗစ်အမည်ရှိ အမျိုးသမီးငယ်တစ်ဦးသည် ကိုယ်အလေးချိန် ၂၃၁ ကီလိုဂရမ် အထိရှိအောင် အဝလွန်ခဲ့သည်။

နမူနာယူသင့်

သူမသည် ကိုယ်လက်လေ့ကျင့်ခန်းပုံမှန် ပြုလုပ်ပြီး စနစ်တကျ ကိုယ်အလေးချိန် လျှော့ချခဲ့ရာ ခုနစ်လအတွင်း ၈၄ ကီလိုဂရမ်အထိ လျှော့ချနိုင်ခဲ့သဖြင့် အဝလွန်သူများ နမူနာယူသင့်သည့် ကိုယ်လက်လှုပ်ရှားမှုပင်ဖြစ်သည်။

သူတစ်ပါးကို နစ်နာစေလိုသူထောင်ကျခံရ

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် နေထိုင်သော အမျိုးသမီးတစ်ဦးသည် သူမနှင့် ဆက်ဆံရေးအဆင်မပြေသော အိမ်နီးချင်းအမျိုးသမီးတစ်ဦး၏ အမည်နှင့် လိပ်စာအသုံးပြုကာ ပလေးဘွိုင်းကဲ့သို့သော နာမည်ကြီးမဂ္ဂဇင်းများမှာယူခဲ့ရာ အသက်၄၇နှစ်အရွယ်ရှိ အိမ်နီးချင်းအမျိုးသမီးက လစဉ်ဒေါ်လာငွေ ပေးချေခဲ့ရသည်။ ထို့နောက် မိမိမမှာယူဘဲ ရောက်ရှိလာသောမဂ္ဂဇင်းများအတွက် လစဉ်ငွေကြေးများ ပေးဆောင်နေရသဖြင့် မဂ္ဂဇင်းတိုက်သို့ သွားရောက်စုံစမ်းခဲ့ရာမှ အဖြစ်မှန်သိရပြီး ရဲတပ်ဖွဲ့သို့တိုင်ကြားခဲ့သည်။ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးပြီး တရားစွဲဆိုခဲ့ရာ သူတစ်ပါးနစ်နာစေလိုသော အမျိုးသမီး ထောင်ဒဏ်နှစ်လကျခံခဲ့ရသည့်ဖြစ်ရပ်မှာ သင်ခန်းစာယူစရာပင်ဖြစ်သည်။

ဖြတ်ထိုးဘဏ်ကောင်းသည့် အမျိုးသမီးကြီး

ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်း ဘာဟိုင်ရာအရပ်တွင် ဧပြီ ၁၅ ရက်က ဘတ်စ်ကားတစ်စီး ဓားပြတိုက်ခံရကြောင်း ဘရာဇီးရဲတပ်ဖွဲ့က ပြောကြားသည်။ ခရီးသည်များအားလုံးနီးပါးမှာ ပါလာသော လက်ဝတ်ရတနာနှင့် ငွေကြေးများကို ဓားပြများလက်သို့ ပေးအပ်ရသော်လည်း အသက် ၅၈ နှစ်အရွယ် ပီရီအီရာအမည်ရှိ အမျိုးသမီးကြီးမှာ ပါရှိလာသော ရွှေထည်အချို့ကို သူမ၏ ဆံထုံးအတွင်း သိုဝှက်ယူဆောင်လာခဲ့သဖြင့် လွတ်ကင်းခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့ရာ အတုယူစရာပင် ဖြစ်သည်။

ရထားပေါ်မှ ကလေးငယ်



အမေရိကန်နိုင်ငံနယူးယောက်စီးတီးရှိ မင်ဟက်တန်အရပ် မြေအောက်ဘူတာရုံ တစ်ခုတွင် ဧပြီ ၁၄ ရက်က အသက် ငါးနှစ်အရွယ်ကလေးငယ်တစ်ဦး ရထားတစ်စင်းပေါ်ပါရှိခဲ့ရာ ခရီးလမ်းဆုံးဘူတာရောက်မှ လုံခြုံရေး ဝန်ထမ်းများ ကူညီမှုကြောင့် မိခင်ဖြစ်သူနှင့် ပြန်လည်ဆုံတွေ့ခွင့် ရရှိသည်။ မိခင်ဖြစ်သူမှာ ဘူတာရုံ၌ ဟိုဟိုဒီဒီ ငေးမောနေစဉ် သားငယ် ဆင်မြူရယ်ဆိုဆာက ဘူတာသို့ ဆိုက်ရောက်လာသော ရထားပေါ်သို့ မိခင်မသိဘဲ တက်လိုက်သွားခဲ့ခြင်းဖြစ်သည်။

သတိပြုစရာ

မိခင်ဖြစ်သူမှာ သားငယ်ပျောက်ဆုံးသွားသဖြင့် လိုက်လံရှာဖွေသော်လည်း မတွေ့ရှိဘဲဖြစ်နေခဲ့သည်။ သားငယ်ဆိုဆာက လုံခြုံရေးဝန်ထမ်းများကို မိဘနှင့်နေရပ်လိပ်စာများ ပြောဆိုနိုင်သဖြင့် မိခင်နှင့်ပြန်လည်ဆုံစည်းအောင်ကူညီနိုင်ခဲ့ခြင်းမှာ သတိပြုစရာပင် ဖြစ်သည်။ (အင်တာနက်)



ရာသီဥတုနှင့် သတင်းအချက်အလက်ဆိုင်ရာ ဂြိုဟ်တု အိန္ဒိယက အောင်မြင်စွာ လွှတ်တင်နိုင်

ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များကို လေ့လာနိုင်ရန် ရီဆက်-၂ ဂြိုဟ်တုနှင့် ပညာရေးဆိုင်ရာ အထောက်အကူပြုစေမည့် အနူဆက်အမည်ရှိ ဂြိုဟ်တုငယ်တို့ကို သယ်ဆောင်သွားသည့် ဒုံးပျံတစ်စင်းကို အိန္ဒိယနိုင်ငံက ဧပြီ ၂၀ ရက် နံနက်၌ အောင်မြင်စွာလွှတ်တင်လိုက်သည်။ **(ဓါပုံ)**

ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များကို ထောက်လှမ်းနိုင်ရန် လွှတ်တင်လိုက်သည့် ရီဆက်-၂ ဂြိုဟ်တုသည် နယ်စပ်လုံခြုံရေးကိစ္စရပ်ဆိုင်ရာ သတင်းအချက်အလက်များကို ထောက်လှမ်းရယူကာ မြေပြင်စခန်းသို့ ပြန်လည်ပေးပို့မည်ဖြစ်သည်။

ထပ်မံလွှတ်တင်

အနူဆက်အမည်ရှိ ပညာရေးဆိုင်ရာ အထောက်အကူပြုဂြိုဟ်တုငယ်သည် အိန္ဒိယနိုင်ငံ အင်နာတက္ကသိုလ်မှ တည်ဆောက်ပေးခဲ့ခြင်းဖြစ်ပြီး တစ်နှစ်ကြာတည်ဆောက်ခဲ့ရသည်။ အိန္ဒိယနိုင်ငံသည် လာမည့်ဇွန်သို့မဟုတ် ဇူလိုင်လအတွင်း အိုရှင်ဆက်-၂ အမည်ရှိ ရာသီဥတုဆိုင်ရာ ဂြိုဟ်တုတစ်လုံးကို ထပ်မံလွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။ **(အင်တာနက်)**

အာကာသသိပ္ပံ

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေး စာတမ်းဖတ်ပွဲ

ရန်ကုန် ဧပြီ ၂၀

သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေးကို ရည်ရွယ်ကာ ကျင်းပမည့် စာတမ်းဖတ်ပွဲကို ဧပြီ ၂၂ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ Chatrium Hotel Grand Ballroom ၌ ကျင်းပမည်ဖြစ်ရာ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ ပါမောက္ခ ဒေါက်တာဆွေသွင်၊ ဒေါ်ယုဇာမော်ထွန်းနှင့် ဆရာအော်ပီကျယ်တို့က စာတမ်းလေးစောင်ကို တင်သွင်းဖတ်ကြားကြမည် ဖြစ်သည်။

အဆိုပါ စာတမ်းဖတ်ပွဲကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ လုပ်ငန်းအဖွဲ့(၂)၏ အားပေးကူညီမှုဖြင့် မင်္ဂလာမြန်မာ ဖုန်း-၀၁-၅၄၄၄၈၂က ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပြီး မည်သူမဆို အခမဲ့တက်ရောက်နိုင်ကြောင်း သိရသည်။ (၁၃၅)

ရေဒီယယ်တာယာ ထုတ်လုပ်မှုစက်ရုံစီမံကိန်း(ဘီးလင်း) ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၀

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ဧပြီ ၁၈ရက်တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ ရေဒီယယ်တာယာထုတ်လုပ်မှုစက်ရုံ စီမံကိန်းသို့ရောက်ရှိရာ ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံက စီမံကိန်းနှင့် ပတ်သက်သည့် အချက်အလက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ညွှန်ကြားဆောင်ရွက်

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် စီမံကိန်းလုပ်ငန်းခွင်အတွင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများကို မေလအပြီး ဆောင်ရွက်ကြရန်နှင့် နိုင်ငံခြားမှတင်ပို့မည့် စက်ပစ္စည်းများ လျင်မြန်စွာရောက်ရှိရေး၊ မိုးကာလအတွင်း စက်များတပ်ဆင်စမ်းသပ်ရေးတို့ကို စနစ်တကျ ညွှန်ကြားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လျှပ်စစ် သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

ထူးခြားသည့် နေ့အပူချိန်

၂၀-၄-၂၀၀၉

မြင်းခြံ	၄၂	ဒီဂရီစင်တီဂရိတ်
ညောင်ဦး	၄၁	ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာမိုးရေချိန်

၂၀-၄-၂၀၀၉

မြဝတီ	၁	ဒသမ	၆၅	လက်မ
ရွှေကျင်	၁	ဒသမ	၀၂	လက်မ
စစ်ကိုင်း	၀	ဒသမ	၇၉	လက်မ
ပင်လောင်း	၀	ဒသမ	၇၁	လက်မ
မန္တလေး	၀	ဒသမ	၅၉	လက်မ

နေစွမ်းအင်အသုံးပြု လမ်းမီးတိုင်များ ထွန်းလင်းလာမည်

ဘာသာပြန်သတင်းမှတ်စု-မိုးမြင့်လင်းလက် ⬡ စာမျက်နှာပွဲစည်းမှု-သောင်းရွှေ (မြန်မာ့အလင်း)

သဘာဝစွမ်းအင်ကို ထုတ်ယူအသုံးပြုနိုင်မည့် နည်းလမ်းများ ရှာဖွေသုံးစွဲလျက်ရှိရာ ယခုအခါ နေစွမ်းအင်သုံး လမ်းမီးတိုင်များ ထုတ်လုပ်အသုံးပြုရေးအတွက် ကမ္ဘာ့နိုင်ငံ အသီးသီးတွင် စီစဉ်နေကြပြီဖြစ်သည်။

နေစွမ်းအင်

အလျားသုံးပေနှင့် အနံနှစ်ပေရှိသော နေရောင်ခံပြားများကို ဓာတ်တိုင်တစ်တိုင်လျှင် တစ်ချပ်စီတပ်ဆင်ကာ နေစွမ်းအင်ဖြင့် ညအချိန် အလင်းရောင် ထိန်ထိန်လင်းစေမည် ဖြစ်သည်။

တပ်ဆင်ထား

အဆိုပါနေစွမ်းအင်ခံပြားများတွင် နေ့အချိန်၌ နေရောင်ခြည်မှရသော စွမ်းအင်ကို သိုမှီးထိန်းသိမ်းထားရန် စွမ်းအင်ထိန်းကိရိယာ တပ်ဆင်ထားသည်။ ထို့ကြောင့် နေ့အချိန် ရာသီဥတု ဆိုးရွားနေသော်လည်း အလင်းရောင်ပေးနိုင်စွမ်းရှိကြောင်း သိရသည်။

ပေးစွမ်းနိုင်

ထို့အတူ ညအချိန်များတွင် နေ့ဘက်မှရယူထားသော နေစွမ်းအင်များကို ထုတ်ယူသုံးစွဲနိုင်ရာ လမ်းမီးတိုင်များအနေဖြင့် ညစဉ်မီးအလင်းရောင်ကို ပေးစွမ်းနိုင်သည်။

အစားထိုး

နေ့ပိုင်းအချိန်များ၌ နေရောင်မှရရှိသော စွမ်းအင်များကို သိမ်းဆည်းထားနိုင်ရန်အတွက် ဘက်ထရီငယ်တစ်လုံးအား ဓာတ်တိုင်များ၌ တပ်ဆင်ပေးထားသည်။ အဆိုပါ ဘက်ထရီသည် စွမ်းအင်ထိန်းကိရိယာ မတော်တဆ ထိခိုက်ပျက်စီးခဲ့ပါက အစားထိုး တာဝန်ယူရန်ဖြစ်သည်။

ထောက်ကူ

နေရောင်ခံပြားများကို သဘာဝဘေးဒဏ်မှ ကာကွယ်နိုင်ရန်အတွက် စနစ်တကျ တပ်ဆင်အသုံးပြုထားသည်။ နေရောင်ခံပြားများကိုအသုံးပြုပြီး လမ်းမီးတိုင်များကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ပါက ရုပ်ကြွင်းလောင်စာ စွမ်းအင်သုံးစွဲမှုလျော့နည်းခြင်းကို များစွာအထောက်အကူ ပြုနိုင်မည်ဖြစ်သည်။



Solar Modules on Poles for street Lighting

စမ်းသပ်အသုံးပြု

နေရောင်စွမ်းအင်သုံး လမ်းမီးတိုင်များကို ဩစတြေးလျ၊ ကနေဒါနှင့် ဗြိတိန်နိုင်ငံတို့ အပြင် အခြားနိုင်ငံများ၌လည်း စမ်းသပ်အသုံးပြုနေကြပြီ ဖြစ်သည်။

(အင်တာနက်)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၂၀

'ဘုရားဖူးဘတ်စ်ကား ရန်ကုန်-စစ်တွေလမ်း၌ တိမ်းမှောက်မှု၊ မဟာဝိဇယစေတီတော်မြတ်ကြီးအား ဘာဏုရာဇာနေမင်းကဦးခိုက်' သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ် ဂျာနယ်အတွဲ(၂) အမှတ်(၇၃)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ယနေ့ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်တွင် T-Home ရေကစားမဏ္ဍပ်တွင် ဖျော်ဖြေရေးအစီအစဉ်များနှင့်အတူ အတာသင်္ကြန်ပွဲကို စည်ကားစွာ ကျင်းပပြုလုပ်ခဲ့၊ ပြည်သူ့ရင်ပြင်ဥယျာဉ်ကို မာတီပါပို့စ်ပုဂ္ဂလိကကုမ္ပဏီက ငှားရမ်းခွင့်ရရှိ၊ တရုတ်-မြန်မာနယ်စပ်ရွှေလီမြို့တွင် မြန်မာကလေးငယ်တစ်ဦး အသတ်ခံရပြီး ညီဖြစ်သူပျောက်ဆုံး၊ သင်္ကြန်မဏ္ဍပ်ရောင်းရန်ရှိသည်၊ စိုးပြည့်သဇင်ပြောတဲ့ သူ့ဘဝက အနုပညာနဲ့ တည်ဆောက်ထားပါတယ်၊ မြန်မာ့အသင့်စား လက်ဖက်သုပ်များ မလေးရှားနှင့် စင်ကာပူတို့၌ စစ်ဆေး၊ ချစ်လွန်းလို့သတ်မိတာပါ၊ ရေယာဉ်ကြီးများ ရပ်နားမှုကြောင့် ရုပ်ပြေးရေယာဉ်များအတွက် ဝင်ငွေပိုတိုးလာ၊ ဒေါက်တာမေမြတ်နိုး၏ MIGRAINE ရဲ့ နိဂုံး၊ စိုင်းစိုင်းခမ်းလှိုင်ရဲ့ အသက်သုံးဆယ်ပြည့်မွေးနေ့ပွဲ၊ လပြည့်ဝန်းပလာဇာ၏ (၆)ကြိမ်မြောက် စင်တင်တေးဂီတဖျော်ဖြေပွဲ၊ ငါးဖမ်းစက်လှေများ ရပ်နားထားမှုကြောင့် ငါးဝင်လျော့သော်လည်း ငါးဈေးနှုန်း မြင့်တက်သွားခြင်းမရှိသေး၊ စတန့်မင်းသားကြီး ဂျက်ကီချန်းနှင့်တွေ့ဆုံခန်း၊ အကြွေးတင်နေသော ပဲကုန်သည်ငါးဦး၏ ပိုင်ဆိုင်သောပစ္စည်း လေလံတင်၊ မြန်မာလေယာဉ်မှူး မောင်းသည့် ပို့စ်စကင်ရေးလေယာဉ်တစ်စင်း အင်ဒိုနီးရှားနိုင်ငံ ပါပူအာကျွန်းတွင် ပျက်ကျ၊ ဘစ်ဂျ်လီမုန်တိုင်းက မြန်မာနိုင်ငံကို သက်ရောက်မှုမရှိ၊ မီသိန်းဓာတ်ငွေ့မှ လျှပ်စစ်မီးထုတ်မည်၊ ငါးချဉ်များကို အပူပေးစားသုံးပါက ဝမ်းပျက်ဝမ်းလျှောရောဂါပိုးများ သေကျေစေနိုင်၊ ခိုးကူးသူများ အန္တရာယ်ကြောင့် သင်္ကြန်သီချင်းများ အထွက်နည်း၊ ကျည် ၈၄ တောင့် ပစ်သွင်းခြင်းခံရသော ကားမှ မသေဘဲကျန်ရစ်သူ ဖိုးကံကောင်း၊ ဒေါက်တာခင်မောင်ညွှန့်၏ Green Tourism အကြောင်း သိကောင်းစရာ၊ အစ္စရေးလေတပ်မှ နာရီပိုင်းကြိုတင်သတိပေးမှုဖြင့် အိမ်ရန်အားတိုက်ခိုက်ရန် ပြင်ဆင်၊ နှစ် ၂၀၀အတွင်း အမေရိကန်သင်္ဘောပထမဦးဆုံးအကြိမ် ပြန်ပေးဆွဲခံရ၊ အီရန်ကို ဗုံးကြဲရန်အော်နေသော အစ္စရေး၊ အစ္စရေးနိုင်ငံခြားရေးဝန်ကြီးက ငြိမ်းချမ်းရေးရလိုလျှင် စစ်တိုက်ရမည်ဟုပြောကြား၊ နော်ဝေးရေနံတင်သင်္ဘော ပြန်ပေးဆွဲရန် ကြံစည်သော ပင်လယ်ဓားပြများအား နေတိုးတပ်မှ ဖြိုခွဲစသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ထုတ်ဝေဖြန့်ချိ

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်ဟု သိရသည်။

(သတင်းစဉ်)

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဗိုလ်မှူးကျော်ညွန့် (ငြိမ်း)- ဒေါ်နီနီညွန့်တို့၏ မြေး
(ဦးထွန်းဝေ) (**P3. Engineer United Nations Mission In East Timor**)-ဒေါ်ခင်မေညွန့်
(မြန်မာ့အာမခံလုပ်ငန်း၊ ငြိမ်း)တို့၏ သားငယ်

မောင်ဖြိုးဝေထွန်း (A.G.T.I)

Mechanical Power IT Assistant United Nations Mission In Sudan နှင့်
စစ်ကိုင်းမြို့နေ (ဦးသိမ်းမောင်)(အင်ဂျင်နီယာ၊ ငြိမ်း)-ဒေါ်ခင်ကြည်
ရန်ကုန်မြို့နေ ဦးလှမောင်-ဒေါ်မြင့်မြင့်တို့၏ မြေး
ဦးမျိုး (ဦးစီးအရာရှိ၊ ရန်ကုန်တိုင်း၊ စည်ပင်သာယာရေးအဖွဲ့)-ဒေါ်တင်တင်ဌေးတို့၏
တစ်ဦးတည်းသော သမီး

မခိုင်ဝါဦး(ခ)အိပုံ့ B.A (Business Management)

Assistant Manager (Crew Department)
Sea Reliance Shipping Co., Ltd.

တို့၏ ၆-၄-၂၀၀၉ (တနင်္လာနေ့)တွင် မဟာသန္တိသုခကျောင်း၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ဦးဇော်လင်းမောင်(ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)အားလည်းကောင်း၊ ၁၁-၄-၂၀၀၉ရက် (စနေနေ့) တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပပြီးစီးသော မင်္ဂလာညှော်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော ဦးအောင်ကျော်ငြိမ် (ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်း၊ စည်ပင်သာယာရေးအဖွဲ့)နှင့် ဇနီး ဒေါ်သစ်သစ်ရှိန်၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော Sea Reliance Shipping Co., Ltd. မှ M.D. Mr. Ts Park နှင့် Director ဒေါ်ကေသီဦးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော The Aces အဖွဲ့၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော တေးသံရှင် နီနီဝင်းရွှေ၊ မင်္ဂလာပန်းခြင်း ကိုင်ဆောင်ပေးသော နန်းဖူးဟွမ်၊ မင်္ဂလာပန်းကြဲပေးသော မမေသီရိကျော်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မအိအိမြသန်း၊ သတို့သားအရံ မောင်ဝေယံဦးနှင့် မောင်ဒေးဗစ်ကြိုင်၊ သတို့သမီးအရံ မဒိုင်ယာနာကြိုင်နှင့် မသီရိအောင်တို့အားလည်းကောင်း၊ လက်ထပ်ရတနာ ဆင်မြန်းပေးပါသော တော်ဝင်သူနှင့် သီတဂူ၊ ပန်းအလှပြင်ပေးသော Splendour အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံများ ဖန်တီးပေးသော ဒီဇိုင်နာ ပြည့်စုံအောင်နှင့် ပိုင် (ဗိုလ်ချုပ်ဈေး)၊ Vived တို့အားလည်းကောင်း၊ မိတ်ကပ်အလှဖန်တီးရှင် ခင်စန်းဝင်းနှင့် Delight Beauty House အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယို မအလိမ္မာ (မြန်မာစာ)အဖွဲ့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်တက်ရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် မင်္ဂလာညှော်ခံပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်ဖြိုးဝေထွန်း-မခိုင်ဝါဦး။

နှစ်သစ်ကူးမင်္ဂလာဆုမွန်လွှာ

ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း တည်ထောင်သူနှင့် ဥက္ကဋ္ဌ ဦးလှထွန်း၏မေတ္တာဖြင့် မြန်မာတို့ရဲ့ နှစ်သစ်မင်္ဂလာအခါသမယတွင် မြန်မာပြည်သူပြည်သားအပေါင်း မျှဝေလှူဒါန်းကြသော အလှူရှင်အပေါင်းနှင့် ကင်ဆာဝေဒနာရှင်များအား ပြုစုစောင့်ရှောက်ပေးကြသော ဆရာဝန်ကြီးများ၊ သမားတော်ကြီးများ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

အဖွဲ့ဝင်လူကြီးများ၊
ကင်ဆာဝေဒနာရှင်များနှင့်ဝန်ထမ်းများ၊
ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း၊
ရန်ကုန်၊ မန္တလေး။









အမည်ပြောင်း

အဖ ဦးနိုင်နိုင် ၁၄/ဝခမ(နိုင်)၁၃၄၂၆၇၏သား မောင်ဌေးမြင့်အား မောင်ရဲထွဋ်ကိုကိုဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ရဲထွဋ်ကိုကို။**

လူပျောက်ကြော်ငြာ

၁၈-၄-၂၀၀၉ရက် ညနေ ၅နာရီတွင် မဖောသိန်းချစ်(နော်ဖော) အသက်(၁၃) နှစ်သည် ပုသိမ်မှရန်ကုန်သို့ ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဆက်သွယ်ရန်- ဖုန်း-၅၄၈၃၈၀၊ ၀၉-၅၀-၄၀၅၂၃။**

အမြန်ပြန်လာပါ

သမီးလေး **ဆွေဇင်သန့်(ပုံ့လေး)** အားလုံး စိတ်ပူနေကြတယ်။ အားလုံး ခွင့်လွှတ်တယ်။ အိမ်ကို အမြန်ပြန်လာပါ။ စိတ်ချမ်းသာစေရမယ်။ အဖေ အသည်းအသန် ဖြစ်နေတယ်။

ဖေဖေ-မေမေ
ဖုန်း-၅၃၅၉၈၇၊ ၀၉-၂၀-၀၀၆၆၆။

အမြန်လာရောက်ဖြေရှင်းပါရန်

ကျွန်တော် **ဦးမျိုးမင်းလတ်**၏ဇနီး **ဒေါ်စိမ့်စမ်းစိုး** ၁၂/မဂဒ(နိုင်)၀၁၅၀၄၆ သည် ၉-၄-၂၀၀၉ရက်တွင် ပြဿနာတစ်စုံတစ်ရာမရှိဘဲ သမီးသုံးယောက်အား ထားခဲ့ပြီး ၎င်း၏ဆန္ဒအလျောက် နေအိမ်မှထွက်သွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ဖြေရှင်းပါရန်နှင့် လာရောက်ဖြေရှင်းခြင်း မရှိပါက ဒေါ်စိမ့်စမ်းစိုးနှင့် လက်ခံထားသူများအား အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဦးမျိုးမင်းလတ်
၇/ဇကန(နိုင်)၀၃၁၇၅၄။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်း၀ ၆လမ်း၊ အမှတ် ၄၇၃ဟုခေါ်တွင်သော အလျား ၄၂ပေ × အနံပေ ၆၀ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ထားကြည် နိုင်ငံသားမှတ်ပုံတင်အမှတ် ၁၂/ဥကတ(နိုင်)၀၀၉၃၄၆ ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေ၀ယ်ယူထားပါသည်။ အဆိုပါမြေနှင့် အိမ်ကိစ္စများနှင့်ပတ်သက်၍ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။

ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စန်းဝင်း(LL.B, D.B.L, D.M.L, D.I.L)
အထက်တန်းရှေ့နေ (စဉ်-၂၂၉၀၅)

အမှတ် ၆၂၊ ပထမထပ်၊ အခန်း ၁၁၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

အမှတ် ၆၆၀၊ ဗြဟ္မစိုရ်လမ်း၊ (၄)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈/၁၅၄၂၊ အမျိုးအမည် Landrover 81 အမျိုးအစား Jeep(4x4) ယာဉ်လက်ဝယ်ရှိသူအမည် သစ်တောဦးစီးဌာန (ဝန်ထမ်းသက်သာ)မှတ်ပုံတင်အမှတ်မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ပဲခူးတိုင်း (အနောက်ပိုင်း)ပြည်၊ပြည်မြို့။**

ထပ်မံသတင်းရရှိ

၈-၄-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ ၁၁၊ ကော်လံ ၁၊၂၊၃ ပါ "ဘုရားဖူးယာဉ်တိမ်းမှောက် ခရီးသည်၂၀သေဆုံး၊ ၂၅ဦးဒဏ်ရာရ" သတင်းတွင် ရန်ကုန်မြို့ ရွှေညီကို ခရီးသည်ပို့ဆောင်ရေးယာဉ်(ကပရ) ၈က/၃၁၈၈ဟု ပါရှိခဲ့ရာ ကပရမှယာဉ်မဟုတ်ပါကြောင်း ထပ်မံသတင်းရရှိသည်။

(မြန်မာ့အလင်း)

စာအုပ်စာပေ လှူ့မိတ်ဆွေ

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ် စာပေ လေ့လာစို့

စာကြည့်တိုက်နှစ်ပတ်လည်နှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၀

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၅) ရပ်ကွက် သုတဘဏ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်ခြင်း (၄)နှစ်မြောက် နှစ်ပတ်လည်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲကို ဧပြီ၉ရက်က အဆိုပါစာကြည့်တိုက်တွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ယဉ်ယဉ်သွယ်က စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေးအတွက် စာငှားစနစ်ကျင့်သုံးခြင်း၊ စာအုပ်စာစောင်တိုးပွားရေး၊ အလှူရှင်တိုးပွားရေးတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို မြို့နယ်ဦးစီးမှူးက လှူဒါန်းရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အခြေခံကွန်ပျူတာသင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် Information Channel (i-Channel) တို့ ပူးပေါင်းစီစဉ်မှုဖြင့် Basic Computer သင်တန်းအမှတ်စဉ်(၂/၂၀၀၉)ကို မေ၉ရက်မှစတင်၍ သုံးလကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ သင်တန်းသူ ၁၅ဦးသာ လက်ခံသင်ကြားမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို အောင်ဆန်းအားကစားပြိုင်ဝင်း အနောက်ဘက်တန်းရှိ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ရုံး ဖုန်း-၂၅၂၅၈၉တွင်ရယူ၍ မေ၇ရက် နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည်ဖြစ်သည်။ **(အမျိုးသမီးရေးရာ)**

ငါန်းဇွန်မြို့နယ်ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်စက်လှူဒါန်း

ငါန်းဇွန် ဧပြီ ၂၀

မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်ပြည်သူ့ဆေးရုံ၌အသုံးပြုရန်အတွက် အောက်ဆီဂျင်စက် လှူဒါန်းခြင်းအခမ်းအနားကို ဧပြီ ၇ရက် ညနေပိုင်းက အဆိုပါဆေးရုံခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်နိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ပြည်သူ့ဆေးရုံဆရာဝန်ကြီးဒေါက်တာကျော်နိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်နိုင်က အမှာစကားပြောကြားပြီး အလှူရှင်ငါန်းဇွန်မြို့ အမှတ်(၅)ရပ်ကွက်နေ ဦးဌေးနိုင်- ဒေါ်မြင့်မြင့်ခိုင်(ဆုပြည့်-နေကြာ)မိသားစုက ငွေကျပ် ၇၈၀၀၀၀ တန်ဖိုးရှိ အောက်ဆီဂျင်စက်ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်နိုင်က လက်ခံယူသည်။**(အောက်ပုံ)**

ထို့နောက် မြို့နယ်ပြည်သူ့ဆေးရုံဘက်စုံဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထွန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေကူမြို့၌ မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်

ရွှေကူ ဧပြီ ၁၀

ရွှေကူမြို့နယ် စည်ပင်သာယာဈေးနှင့် ဗိုလ်ချုပ်လမ်းဆုံတွင် ဇန်နဝါရီ၁၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်း၊ အမှုဆောင်အရာရှိ ဦးခင်အောင်နီ၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးချစ်မောင်နှင့်အဖွဲ့ စုစုပေါင်း အင်အား၂၀တို့ဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ကြသည်။ (၁၇၉)

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း လှိုင်းဘွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ဈေးသည်များ စနစ်တကျရောင်းချနေမှုအခြေအနေကို မတ်၁၅ရက်က ကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မွန်ပြည်နယ် တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး မော်လမြိုင်၌ ကျင်းပ

ရန်ကုန် ဧပြီ ၂၀

တရားရုံးချုပ် နေပြည်တော်၌ မတ် ၂၃ရက်က ကျင်းပခဲ့သော တရားသူကြီးချုပ်နှင့် ပြည်နယ်နှင့်တိုင်း တရားသူကြီးများတွေ့ဆုံပွဲ အတွေ့အကြုံရှင်းလင်းခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၄ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ မွန်ပြည်နယ်တရားရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ မွန်ပြည်နယ်တရားသူကြီး ဦးမောင်မောင်၊ တွဲဖက်ပြည်နယ်တရားသူကြီးဦးမျိုးမောင်၊ မော်လမြိုင်ခရိုင်တရားသူကြီး ဒေါ်ခင်ခင်ချို၊ သထုံခရိုင်တရားသူကြီး ဒေါ်ဆွေဆွေနှင့် ပြည်နယ်အတွင်းရှိ တရားသူကြီးများ၊ တရားရေးဝန်ထမ်းများ တက်ရောက်ကြသည်။

အတွေ့အကြုံရှင်း

အစည်းအဝေးတွင် ပြည်နယ်တရားသူကြီး ဦးမောင်မောင်က တရားသူကြီးချုပ်နှင့် ပြည်နယ်နှင့်တိုင်း တရားသူကြီးများ တွေ့ဆုံပွဲအတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး **(အပေါ်ပုံ)** တရားစီရင်ရေး၊ မှုခင်းကျဆင်းရေးနှင့် တရားရုံးစီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးမှာကြားသည်။ (သတင်းစဉ်)

တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး မတ် ၅ရက်က ပုလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပုဏ္ဏားကျွန်းအထက ကျောင်းသားဟောင်းများ (၁၄)ကြိမ်မြောက်အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ပုဏ္ဏားကျွန်း ဧပြီ ၁၄

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ အထက ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၇ရက် မွန်းလွဲ၂နာရီက ပုဏ္ဏားကျွန်း အထက ပညာဗိမာန်စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ဖြစ်မြောက်ရေးကော်မတီဝင်များနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ၅၀ခန့် တက်ရောက်ကြသည်။

လှူဒါန်းနိုင်

အခမ်းအနားတွင် ၁၉၅၂-၂၀၀၁ ခုနှစ်အတွင်း ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ အထကတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မေ၁၀ရက်(တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ပုဏ္ဏားကျွန်းအထက မဟာပညာကျော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဦးသန်းထွန်း ဖုန်း-၀၉- ၅၀-၅၂၈၂၄၊ ဦးစံကျော်လှ ဖုန်း-၀၉-၈၅-၀၀၈၁၆၊ ဦးသန်းထွန်း ဖုန်း-၀၉-၈၅-၀၃၂၀၅၊ ဦးလှရွှေ ဖုန်း-၀၉-၈၅-၀၃၂၅၊ ၀၉-၈၅-၀၃၂၆နှင့် ၀၉-၈၅-၀၃၂၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မတ်၂၀ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအုန်းသွင် မိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပန်းခြံအတွင်း မြေခင်းအလှဆောင်ရွက်ထားရှိမှုကို စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

စပေါင်းလယ်ယာစနစ် အကောင်အထည်ဖော်ရန် မြေနေရာသတ်မှတ်

နွားထိုးကြီး ဧပြီ ၄

နွားထိုးကြီးမြို့နယ်တွင် စပေါင်းလယ်ယာမြေ အကောင်အထည်ဖော်ရန် ပြင်စည်ကျေးရွာအရှေ့ဘက် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအနီး၁၁ကေကျယ်မြေနေရာကို ပဏာမရွေးချယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဇီဝဓာတ်ငွေ့ထုတ်ဖော်ရေး အပါအဝင် ခေတ်မီလယ်မြေ၊ ယာမြေပါသော ပုဂ္ဂလိကစုပေါင်းလယ်ယာစနစ်ကို စံပြအဖြစ် ဖော်မည်ဖြစ်ရာ မြို့နယ် အတွင်းရေးမှူးဦးရဲမြင့်အောင်နှင့်အဖွဲ့ ဖေဖော်ဝါရီ ၂၂ရက်က ကွင်းဆင်း တိုင်းတာ၍ မြေနေရာ သတ်မှတ်မှုကို ဆောင်ရွက်ကြကြောင်း သိရသည်။ (၀၉၂)

၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် တောင်ဇီလာ-ကဟန်းလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်း ဆောင်ရွက်မှုကို မတ် ၁၆ ရက်က အမှုဆောင်အရာရှိ ဦးစိုးညွန့် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဟန်နိုင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်ရှိလာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီးကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုးလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနားရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရ အေးမြသောနေရာများတွင် နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင်သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

လူငယ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ စာအုပ်နှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်း

မိုးကောင်း ဧပြီ ၁၂

မိုးကောင်းမြို့နယ် နမ္မတီးကျေးရွာအုပ်စု လူငယ်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ စာအုပ်နှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို မတ်၂၂ရက် မွန်းလွဲ၁၂နာရီခွဲက ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးတင်ငွေက အမှာစကား ပြောကြားပြီး မိုးညှင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမာန်ဝိုင်းက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် စေတနာရှင်များက ငွေကျပ်၄၆၈၄၀၀နှင့် သုတရသစာအုပ်၊ စာနယ်ဇင်းအုပ်ရေ ၃၀၀တို့ကို ကျေးရွာအုပ်စု စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်မြင့်နှင့် စာကြည့်တိုက်မှူး ဒေါ်ဝါဝါတို့ထံ ပေးအပ်လှူဒါန်းကြသည်။ (၀၀၁)

21-4 (15).pmd 1 4/21/2009, 3:15 AM

မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲ ပြည်ကြီးတံခွန်၌ကျင်းပ

မန္တလေး ဧပြီ ၁၀

မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၁)လုပ်ငန်းရှင်များ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲကို မတ် ၁၄ရက်က ကနောင်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ကော်မတီ အတွင်းရေးမှူး မန္တလေးတိုင်း မီးသတ်ဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်မင်း တက်ရောက်ပညာပေး ဟောပြောသည်။

မီးငြိမ်းသတ်နည်း

ရှေးဦးစွာ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအတွင်းရေးမှူး ဦးတင်မောင်ကြည်က အမှာစကားပြောကြားပြီး တိုင်းမီးသတ်ဦးစီးမှူးက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လုပ်ငန်းရှင်များလိုက်နာရမည့် စည်းကမ်းချက်များကို ပညာပေးဟောပြောကာ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးကျော်နိုင်မိုးက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းများကို ဟောပြောသည်။

ထို့နောက် တိုင်းရုံးဦးစီးအရာရှိ ဦးထွန်းထွန်းစိုးနှင့် မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်ဦးတို့က မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသကြောင်း သိရသည်။ (၀၉၀)

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေကျပ် ၇၃ဒသမ၆သိန်းဖြင့် ဆောင်ရွက်သော ကျောင်းတက်လမ်း ကတ္တရာလမ်းကို မတ် ၂၇ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ ဦးထွန်းခင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လုပ်ငန်းညှိနှိုင်းစည်းဝေး လွိုင်ကော်၌ကျင်းပ

လွိုင်ကော် ဧပြီ ၁၀

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ်၁၉ရက် နံနက်၈နာရီက လွိုင်ကော်မြို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်က အမှာစကား ပြောကြားပြီး(**အပေါ်ပုံ**) ခရိုင်နှင့် မြို့နယ်ဥက္ကဋ္ဌများက ဒေသအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်နယ် ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(ခရိုင် ပြန်/ဆက်)**

ကချင်ပြည်နယ် မိုးညှင်းမြို့ အောင်သပြေ အရန်မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် မတ်၁၉ရက်က ရပ်ကွက်အတွင်း မီးငြိမ်းသတ်ခြင်း သရုပ်ပြလေ့ကျင့်ကြစဉ်။ (၀၀၂)

လုံအိမ်စာကြည့်တိုက် အဆောက်အအုံဖွင့်

ကန်ပက်လက် ဧပြီ ၈

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် လုံအိမ်နူးရွာ၏ လုံအိမ်စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက်၁၀နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလိန်းကီးနှင့် စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးလိန်းထန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်ဦးစီးမှူး ဦးလိန်းကီးက ဂျာနယ်စောင်ရေ ၅၀ကို ပေးအပ်လှူဒါန်းသည်။

ဖွင့်ပွဲအပြီးတွင် အခြေခံပညာမူလတန်းကျောင်း၌ မြို့နယ်ဦးစီးမှူး ဦးလိန်းကီးက စာကြည့်တိုက် ခိုင်မာရှင်သန်ဖွံ့ဖြိုးရေးနှင့် စာကြည့်တိုက်ပညာများကို ရှင်းလင်းဆွေးနွေးပို့ချသည်။

(မြို့နယ် ပြန်/ဆက်)

တောင်တွင်းကြီးတွင် ကျေးလက်စာကြည့်တိုက်များဖွင့် သုတရသ၊ မဂ္ဂဇင်းနှင့်ဂျာနယ်မျိုးစုံ ပေးအပ်လှူဒါန်း

တောင်တွင်းကြီး ဧပြီ ၁၃

(၆၄)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် တောင်တွင်းကြီးမြို့နယ်၌ ကျေးလက်စာကြည့်တိုက်အဆောက်အအုံသစ်များ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ရက်က ရေဦးအုပ်စု ကွဲဖြူကန်ကျေးရွာ အမြင်သစ်စာကြည့်တိုက်အဆောက်အအုံသစ်၌ ကျင်းပသည်။

အခမ်းအနားတွင် အုပ်စုဥက္ကဋ္ဌ ဦးခင်စောက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဌေးအောင်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ရှင်းလင်းဆွေးနွေးကာ အလှူရှင် စာရေးဆရာဦးအောင်သက်နှင့် အလှူရှင် ၂၀တို့က ငွေကျပ်နှစ်သိန်းခန့်တန်ဖိုးရှိ သုတရသ၊ မဂ္ဂဇင်းနှင့်ဂျာနယ်မျိုးစုံအုပ်ရေ၉၀၀ကို ပေးအပ်လှူဒါန်းသည်။ ထို့နောက် ရေဦးအုပ်စု ကွဲဖြူကန်ရွာတွင် အမြင်သစ်စာကြည့်တိုက်၊ ဆင်လူရွာတွင် မြင့်မိုရ်စာကြည့်တိုက်၊ ကျွန်းတောကျေးရွာတွင် အသွင်သစ်စာကြည့်တိုက် **(အောက်ပုံ)**၊ ရေဦးကျေးရွာတွင် ရောင်ခြည်ဦးစာကြည့်တိုက်နှင့် ကြီးအောင်ကျေးရွာတွင် ရောင်ခြည်ဦးစာကြည့်တိုက် အဆောက်အအုံသစ်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဌေးအောင်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးခင်စောတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

တာရှည်အသုံးခံ ဘိုင်အိုဘက်ထရီအသုံးပြုနည်း သရုပ်ပြရှင်းလင်းပွဲ ကျောက်ပန်းတောင်း၌ ကျင်းပ

ကျောက်ပန်းတောင်း ဧပြီ ၁၃

မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးရွာတိုင်း မီးလင်းစေရေးအတွက် တာရှည်အသုံးခံသည့် ဘိုင်အိုဘက်ထရီ အသုံးပြုနည်း သရုပ်ပြရှင်းလင်းပွဲ အခမ်းအနားကို ဧပြီ ၈ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မြင့်သိန်းနှင့်အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ ဦးမြင့်လွင်က ဘိုင်အိုဘက်ထရီ အသုံးပြုနည်းစနစ်များကို လက်တွေ့ရှင်းလင်း ပြသသည်။

(မြို့နယ် ပြန်/ဆက်)

ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေး နှိုးဆော်ချက်

ဝမ်းပျက်ဝမ်းလျှောရောဂါ၊ကာလဝမ်းရောဂါအပါအဝင် ဝမ်းနှင့်ပတ်သက်သောရောဂါများသည် ရောဂါပိုးများ ပါဝင်သည့် ရေ၊ အစားအသောက်တို့ကို စားသောက်မိရာမှ ကူးစက်ပြန့်ပွားပါသည်။

ရေနှင့်အစားအသောက်များအတွင်းသို့ ရောဂါပိုးများသည် အောက်ပါအကြောင်းများကြောင့် ရောက်ရှိပါသည်-

(က) မသန့်ရှင်းသည့် လက်၊အိုး၊ ခွက်၊ ပန်းကန်တို့ဖြင့် အစားအစာများ ချက်ပြုတ်ပြင်ဆင်ခြင်း၊ စားသောက်ခြင်း။

(ခ) အစားအသောက်များသို့ ယင်အုံ၊ ယင်နားခြင်း။

(ဂ) မိုးရွာသောအခါများတွင် သောက်သုံးရေတွင်း၊ ရေကန်များအတွင်းသို့ မသန့်ရှင်းသောရေနှင့် အမှိုက်သရိုက်များ စီးဝင်ခြင်း။

(ဃ) သောက်သုံးရေတွင်း၊ ရေကန်များသည် အိမ်သာနှင့်နီးကပ်စွာတည်ရှိခြင်း၊ အိမ်သာထက်နိမ့်သောနေရာများတွင်ရှိခြင်း။

သို့ပါ၍ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်-

- ➢ ရေကို ကျိုချက်၍သောက်ပါ။
- ➢ ယင်နားစာများ မစားပါနှင့်။
- ➢ ယင်လုံအိမ်သာ အသုံးပြုပါ။
- ➢ အစားမစားမီနှင့် အိမ်သာမှအဆင်းတွင် လက်နှစ်ဖက်လုံးကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောပါ။
- ➢ တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထားဆောင်ရွက်ပါ။
- ➢ အမှိုက်သရိုက်များကို စနစ်တကျစွန့်ပစ်ပါ။

ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့၍ ကုသမှုခံယူကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

21-4 (16).pmd 1 4/21/2009, 3:15 AM

ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

နိုင်ငံတော်အစိုးရက ၂၀၀၉ခုနှစ်တွင် **မဟာဂန္ထဝါစက ပဏ္ဍိတ** ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ရန်ကုန်တိုင်း ခရမ်းမြို့ ကိုင်းကုန်း ပါဠိတက္ကသိုလ်ကျောင်းတိုက် ဂဏဝါစက စာချဆရာတော် ဘဒ္ဒန္တသုဇန မထေရ်မြတ်အား ၁၃၇၁ ခုနှစ် ကဆုန်လဆန်း ၃ရက် (၂၆-၄-၂၀၀၉ရက်) တနင်္ဂနွေနေ့ နံနက် ၈နာရီအချိန်တွင် ပရိယတ္တိသဒ္ဓမ္မသဘာ ဓမ္မာရုံတော်ကြီး၌ တပည့်များနှင့် ဒါယကာ ဒါယိကာမအပေါင်းတို့က စုပေါင်း၍ ဂုဏ်ပြု ပူဇော်ပွဲကျင်းပမည် ဖြစ်သည်။

ရောင်းမည်

မြန်မာဂုဏ်ရည်ကွန်ဒို(အောင်ဆန်းကွင်းအနီး) 1850 sq-ft, 1 MBR, 2 BR ဓာတ်လှေကား နှစ်စင်း၊ မီတာပါပြီး (ပွဲစားမလို)။
ဖုန်း-၅၆၂၇၃၀၊ ၀၉-၅၁-၈၁၁၁၆၊ ၀၉-၅၀-၅၆၆၆၉။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်စိန်မျိုးအောင်၏ နိုင်ငံကူးလက်မှတ်အမှတ် ၆၉၃၁၀၀ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-C/O ၆၉၁၁၅၂။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)၊ သုခလမ်း ငါးလွှာ၊ အမှတ်(၃၂)နေ အဖဦးသန်းငွေ၏သမီး မမီမီအောင် ၁၂/လမန(နိုင်)၁၃၂၇၁၃၈၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)၊အမှတ်(၃၂)၊ ငါးလွှာ၊ သုခလမ်းရှိ (၂၅'×၅၀')အကျယ် တိုက်ခန်းနှင့် ၄င်းတိုက်ခန်းနှင့် ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မမီမီအောင်၏မိခင် ဒေါ်ညွန့်ညွန့်ရွှေ (၁၂/လမန(နိုင်)၀၃၅၄၄၇)က ပိုင်ဆိုင်ခဲ့ပြီး မိခင်ဖြစ်သူက မေတ္တာသက်သက်ဖြင့် ကျွန်ုပ်၏မိတ်ဆွေအား ၉-၉-၂၀၀၆ရက်တွင် မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ကို ချုပ်ဆို၍ ပေးကမ်းခဲ့ပြီး ဖြစ်ပါသည်။ ထိုသို့ မေတ္တာဖြင့် ပေးကမ်းခြင်းစာချုပ်တွင် ကျန်မောင်နှမများဖြစ်ကြသည့် အစ်ကိုဖြစ်သူကိုစိုးမင်း၊ ကိုအောင်ကျော်စိုးတို့မှလည်း ညီမဖြစ်သူအား မိခင်က ပေးကမ်းခြင်းကို ကန့်ကွက်ရန်မရှိ၊ သဘောတူညီကြောင်း သက်သေလူကြီးများ စုံရာရှေ့မှောက်တွင် လက်မှတ်ရေးထိုးပြီး တရားဝင်ပေးကမ်းခဲ့ခြင်းဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ တိုက်ခန်းကို ကျွန်ုပ်၏မိတ်ဆွေ မမီမီအောင်က တရားဝင် လက်ဝယ်ပိုင်ဆိုင်လျက်ရှိကြောင်းနှင့် အခြားကန့်ကွက် နှောင့်ယှက်မည့်သူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိမိလှိုင်(LL.B)
တရားရုံးချုပ်ရှေ့နေ(စဥ်-၅၃၅၄)
အမှတ်(၉/၁၁)၊ ၃၆လမ်း၊ မြေညီထပ်၊အခန်း(၃-က)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

သတိပေးနှိုးဆော်ချက်

နေပြည်တော်အတွင်း ဖြတ်သန်းသွားလာလျက်ရှိသော မော်တော်ယာဉ်များသည် လမ်းများ ကောင်းမွန်သည်နှင့်အမျှ အရှိန်ပြင်းစွာ မောင်းနှင်ကြသောကြောင့် ယာဉ်မတော်တဆမှုများ၊ ယာဉ်တိမ်းမှောက်မှုများဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ မိုင်နှုန်းထက် ကျော်လွန်မောင်းနှင်ခြင်းမပြုရန်နှင့် မောင်းနှင်ပါက အရှိန်နှုန်းတိုင်းကိရိယာဖြင့် တိုင်းတာပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်-

(၁) မြို့တွင်း ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များ တစ်နာရီ မိုင် ၂၀ (၃၂ကီလို)
(၂) မြို့တွင်း ကိုယ်ပိုင်ယာဉ်နှင့် အခြားယာဉ်များ တစ်နာရီ မိုင် ၃၀ (၄၅ကီလို)
(၃) မြို့ပြင်ယာဉ်အားလုံး တစ်နာရီ မိုင် ၆၀ (၉၆ကီလို)

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ။

ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးဝင်းအတွင်း ပျိုးဥယျာဉ်တွင် ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိက ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

မြင်းမူ အမှတ်(၄)မူလွန်ကျောင်းဆောင်သစ် ပေးအပ်ပွဲနှင့် ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်ပွဲ ကျင်းပ

မြင်းမူ ဧပြီ ၁၅

၂၀၀၈-၂၀၀၉ ပညာသင်နှစ် မြင်းမူမြို့ အမှတ်(၄) အခြေခံပညာမူလတန်းလွန်ကျောင်း ကံ့ကော်ကျောင်းဆောင်သစ် ပေးအပ်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က အဆိုပါကံ့ကော်ကျောင်းဆောင်သစ်ရှေ့၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်း၊ စစ်ကိုင်းခရိုင်ပညာရေးမှူး ဦးကြည်ဝင်းနှင့် အမှတ်(၄) အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းအကျိုးတော်ဆောင်နာယက အမှတ်(၂)ရပ်ကွက်ဥက္ကဋ္ဌ ဦးစောလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများက ကံ့ကော်ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်း၊ ခရိုင်ပညာရေးမှူး ဦးကြည်ဝင်းနှင့် ကျောင်းအကျိုးတော်ဆောင်ဒုတိယဥက္ကဋ္ဌဦးသိန်းဆွေတို့က အမှာစကားပြောကြားသည်။

ထို့နောက် ကံ့ကော်ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရင်းဇယားများကို ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးမန်းတင်က မြို့နယ်ပညာရေးမှူး ဦးကြည်ဆောင်ထံ ပေးအပ်သည်။ အဆိုပါ ကံ့ကော်ကျောင်းဆောင်သစ်သည် အလျားပေ ၆၀၊ အနံ ၂၆ပေ နှစ်ထပ်ကျောင်းဆောင် သွပ်မိုး၊ အုတ်ညှပ်တိုက်ဖြစ်သည်။ **(၀၁၅)**

တီဘီရောဂါ တိုက်ဖျက်ရေးနေ့ လှိုင်ကော်၌ ကျင်းပ

လှိုင်ကော် ဧပြီ ၁၃

၂၀၀၉ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မတ်၂၄ရက် နံနက် ၉နာရီခွဲက ကယားပြည်နယ် လှိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်တက်ရောက်အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏မိန့်ခွန်းကို ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းမြင့်က ကိုယ်စားဖတ်ကြားသည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီး ပြည်နယ်ဥက္ကဋ္ဌနှင့် ဇနီး၊ တက်ရောက်လာကြသူများက ပြခန်းအတွင်း ပြသထားသည့် ပညာပေးပိုစတာများ၊ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ပဲခူးတိုင်း ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဖြူးမြို့မဈေးကြီးအတွင်း မတ်၂၄ရက်က မီးငြိမ်းသတ် ဓာတ်တိုက်လေ့ကျင့်မှုကို အမှုဆောင် အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်လွင်ဦးနှင့် မီးသတ်ဦးစီးမှူးဦးအေးငြိမ်းတို့ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မတ်၁၄ရက်က မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ပေးပို့သော တန်ဖိုးငွေကျပ်တစ်သောင်းခန့်ရှိ စာအုပ်မျိုးစုံကို လားရှိုးခရိုင် မန်နေဂျာဦးမင်းအောင်ဝင်းက တန့်ယန်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ပေးအပ်ရာ ခေတ္တဦးစီးမှူး ဓာတ်ပုံကျွမ်းကျင်(၂) ဦးမင်းလွင်ဦးက လက်ခံယူစဉ်။ (၀၂၆)

သွေးလွန်တုပ်ကွေး ပေါင်မြို့၌ ဆွေးနွေး

ပေါင် ဧပြီ ၁၅

ပေါင်မြို့နယ် မြို့နယ်အဆင့် သွေးလွန်တုပ်ကွေးရောဂါအသိပေးဆွေးနွေးပွဲ အခမ်းအနားကို ဧပြီ ၈ရက် နံနက် ၁၀နာရီက ပေါင်မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပေါင်မြို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သန်းလွင်က အဖွင့်ပြောကြားပြီး မွန်ပြည်နယ် ငှက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာစည်သူရဲနိုင်က သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားစေသည့် ခြင်ကျားနှိမ်နင်းရေးလုပ်ငန်းများအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

စီမံချက်များ

ထို့နောက် ပေါင်မြို့နယ် မြို့နယ်ဆရာဝန် ဒေါက်တာခင်စုစုဟန်**(အပေါ်ပုံ)**က မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ကျန်းမာရေး ဝန်ထမ်းများနှင့်အတူ လူမှုရေးအသင်း အဖွဲ့အစည်းများ ပူးပေါင်းပါဝင်လှုပ်ရှားရေးစီမံချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

တက်ရောက်

အဆိုပါမြို့နယ်အဆင့်သွေးလွန်တုပ်ကွေးရောဂါ အသိပေးဆွေးနွေးခြင်း ဟောပြောပွဲသို့ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပြည်သူများ တက်ရောက်ကြသည်။ **(၁၇၆)**

မှုခင်းသတင်း

ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ လူနှစ်ဦးသေဆုံးမှု မိတ္ထီလာ၌ ဖြစ်ပွား

မိတ္ထီလာ ဧပြီ ၁၉

မိတ္ထီလာမြို့ ရန်ကုန်လမ်းအထွက် နက်မောက်ကန်ပေါင်ရိုး တပ်ထိန်းဂိတ်အနီးတွင် မတ် ၃ရက် နံနက်၁၁နာရီက တောင်မှမြောက်သို့ မိတ္ထီလာမြို့သီရိမင်္ဂလာရပ်နေ ဆိုင်ကယ်ကယ်ရီမောင်းသူ ကဖူး (အသက်၂၀)စီးနင်းသည့် မတလ/၃၆၉၉၁ ကန်ဘိုအမျိုးအစား ခဲရောင်ဆိုင်ကယ်နှင့် အောင်ဇေယျာရပ်ကွက် အောင်သုခလမ်းနေ တင်မောင်ကြည် (၃၉ နှစ်) စီးနင်းလာသော လော့ဂျာ ၁၁၀ဆီး(ဓီး)ရောင် မတလ/၁၀၈၂၇၉ ဆိုင်ကယ်တို့ မိုင်တိုင်အမှတ် ၁၃၇/၀ အနီးတွင် မျက်နှာချင်းဆိုင်တိုက်မိကြသည်။

ဤကဲ့သို့ ဆိုင်ကယ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်မိကြရာ တင်မောင်ကြည်မှာ ပါးစပ်နှင့်နဖူးမှ သွေးများထွက်ပြီး နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားသည်။ ဆိုင်ကယ်ကယ်ရီစီးသူ ကဖူးနှင့်ဆိုင်ကယ်နောက်မှစီးလာသူ ဝင်းမောင် (၁၈ နှစ်)တို့မှာလည်း ဒဏ်ရာများ ရရှိသဖြင့် ဆေးရုံတွင် အတွင်းလူနာအဖြစ် တင်ပို့ကုသစဉ် ဆိုင်ကယ်နောက်မှ စီးသူ ဝင်းမောင်မှာ မတ်၆ရက်က သေဆုံးခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုနှင့်ပတ်သက်၍ အမှတ်(၁) ရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်အောင်သန်းဌေးက ဆိုင်ကယ်မဆင်မခြင် စီးနင်းသူ တင်မောင်ကြည်နှင့် ကဖူးတို့ကို ရဲစခန်း (ပ)၈၅/၂၀၀၉ ပုဒ်မ၃၀၄(က)၃၃၈ဖြင့် အမှုဖွင့် အရေးယူထားသည်။ (၀၈၆)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ကျွန်း ဘိုအောင်းမြို့၌ ကျင်းပသည့် ၂၀၀၉ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ကြိုဆိုနှုတ်ဆက်

နေပြည်တော် ဧပြီ ၂၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ကျွန်း ဘိုအောင်းမြို့၌ ကျင်းပသည့် ၂၀၀၉ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ယနေ့ ညနေ ၄နာရီခွဲတွင် အထူးလေယာဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊

စာမျက်နှာ ၅ ကော်လံ ၁ ❐

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ကျွန်း ဘိုအောင်းမြို့၌ ကျင်းပသည့် ၂၀၀၉ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

၂၀၀၉ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်

နေပြည်တော် ဧပြီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဧပြီ ၁၈ရက် နံနက် ၁၁နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် ဘိုအောင်းမြို့ရှိ Boao International Conference Center အဆောက်အအုံရှိ Convention Hall ၌ ကျင်းပသည့် ၂၀၀၉ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် ဘိုအောင်းမြို့ Boao International Conference Center အဆောက်အအုံရှိ Convention Hall ၌ ကျင်းပသည့် ၂၀၀၉ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ကြိုဆို

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ၂၀၀၉ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် နံနက် ၈နာရီခွဲတွင် ခေတ္တတည်းခိုရာ Ritz Carlton Hotel မှ အထူးယာဉ်တန်းဖြင့် ထွက်ခွာခဲ့ပြီး ဘိုအောင်းမြို့ရှိ Boao International Conference Center သို့ ရောက်ရှိရာ အာရှဒေသဆိုင်ရာ ဘိုအောင်းဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ ယခင် ဖိလစ်ပိုင် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဖာဒီဗီရာမို့စ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

တက်ရောက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် Boao International Conference ညီခန်းတွင် ၂၀၀၉ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခေါင်းဆောင်များ၊

စာမျက်နှာ ၅ ကော်လံ ၃ ■